မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်၊ ၂၀၀၈ ခုနှစ်၊ ဇူလိုင် ၂၀ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၉၉)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်ရီကိုနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၀

၂၀၀၈ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် ကျရောက်သော မော်ရိုကိုနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မော်ရိုကိုနိုင်ငံ အကြီးအကဲ ဆင္ဌမမြောက် မိုဟာမက်ဘုရင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

ဒဂုံမြို့သစ်မြို့နယ်များ၌ မိုးစပါးစိုက်ပျိုးမှု ကြည့်ရှုစစ်ဆေး အထွက်နှုန်းကောင်းမျိုးများ ရွေးချယ်စိုက်ပျိုးရေးမှာကြား

ရန်ကုန် ဇူလိုင် ၂၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရန်ကုန်တိုင်း ဒဂုံမြို့သစ်မြို့နယ်များ၌ မိုးစပါးစိုက်ပျိုးမှုအခြေအနေများကို ယနေ့မွန်းလွဲပိုင်းတွင် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၈) ရပ်ကွက်၌ မိုးစပါးစိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ရွာသာကြီးဘူတာသို့ ရောက်ရှိရာ

စာမျက်နှာ ၈ ကော်လံ ၁ ●

ရောဝတီတိုင်း၌ မိုးစပါးဧက ၃ ဒသမ ၆သန်း စိုက်ပျိုးပြီးဖြစ်

ရန်ကုန် ဇူလိုင် ၂၉

ဧရာဝတီတိုင်းတွင် ဇူလိုင် ၂၉ ရက်အထိ မိုးစပါးဧက ၃ ဒသမ ၆ သန်း စိုက်ပျိုးပြီး ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လမ်းများရေရှည်ခိုင်ခံ့အောင် မျက်ခြည်မပြတ်စောင့်ကြည့်ပြုပြင် လမ်းပန်းဆက်သွယ်မှု အမြဲကောင်းမွန်ရေး ထိန်းသိမ်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၉

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ (၁/၂၀၀၈) ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ **(အောက်ပုံ)**

စာမျက်နှာ ၃ ကော်လံ ၂ ■

30-7 (01).pmd 1 2/25/2003, 5:04 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဇူလိုင် ၃၀ ရက်)

ရှမ်းပြည်နယ်(တောင်ပိုင်း) အင်းလေးကန်၏ ရေဝေရေလဲသစ်တောများ အစဉ်စိမ်းလန်းစိုပြည်ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ အင်းလေးကန်သည် ကမ္ဘာတွင်ထူးခြားသော ကန်တစ်ကန်အဖြစ် ထင်ရှားသည်။ မြန်မာနိုင်ငံရှိ ကုန်းတွင်းရေအိုင်ကြီးများအနက် အကြီးဆုံးရေအိုင်ကြီး တစ်အိုင်ဖြစ်ပြီး ဘီလူးချောင်း ရေအားလျှပ်စစ်စက်ရုံအတွက် အထောက်အကူပြုသည့် ရေကန်ကြီးလည်း ဖြစ်သည်။

အင်းလေးကန်၏ သဘာဝရှုခင်းများ၊ သားငှက်တိရစ္ဆာန်များ ရေရှည်တည်တံ့စေရေးအတွက် သစ်တောသစ်ပင် ထိန်းသိမ်းရေးလုပ်ငန်းသည် အဓိကကျလျက်ရှိသည်။ သစ်တောသစ်ပင်တို့သည် အင်းလေးကန်အတွင်းသို့ သဲ၊ နုန်းများကျရောက်မှုကို ထိန်းသိမ်းကာကွယ်ပေးပြီး ရာသီဥတု သင့်တင့်မျှတစေရေး ကူပံ့ပေးလျက်ရှိသည်။

အင်းလေးကန်ပတ်ဝန်းကျင်ရှိ ရေဝေရေလဲဧရိယာတွင် သစ်တောများ ပြုန်းတီးလာခဲ့သဖြင့် မိုးရေတိုက်စားကာ သဲနုန်းများ ကျရောက်ခြင်း၊ တောင်ယာများပြုလုပ်ခြင်း၊ ထင်းခုတ်ခြင်း စသည်တို့ကြောင့် ကန်ရေပြင် ထိခိုက်မှုမရှိစေရေး ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်ကြရမည် ဖြစ်သည်။

ယခုအခါ အင်းလေးကန် မိုင်၂၀ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးအတွက် သစ်ပင်စိုက်ပျိုးမှု၊ ကမ်းပါးထိန်းသိမ်းကာကွယ်မှု၊ လေ့ကားထစ်လယ်ယာ ဖော်ထုတ်မှုများအပြင် ဇီဝမျိုးစုံနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းများကို ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ကြိုးပမ်းဖော်ဆောင်လျက် ရှိသည်။

ထို့အပြင် နုန်းထိန်းတမံနှင့် နုန်းဖမ်းဆည်များတည်ဆောက်ပြီး ရေမှော်ရှင်းလင်းရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိသည်။

သို့ဖြစ်ရာ သဘာဝကဖန်တီးပေးထားသည့် အင်းလေးကန်၏ ရေဝေရေလဲ သစ်တောနှင့်သစ်ပင်များ မပြုန်းတီးရေးအတွက် တိုင်းရင်းသားပြည်သူများက အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြခြင်းဖြင့် ကန်ရေပြင်၏ အလှနှင့်သဘာဝ အစဉ်စိမ်းလန်းစိုပြည်ရေးကို ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝါတွင်းအထူး ၁၀ရက် တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးအတွင်း၌ တစ်လနှစ်ကြိမ် ကျင်းပအပ်သော ဝါတွင်းကာလ၁၀ရက် အထူးတရားစခန်းပွဲ တတိယပတ်ကို ဝါခေါင်လပြည့်ကျော် ၆ရက်မှ တော်သလင်းလဆန်း ၁ရက် (ဩဂုတ် ၂၂ရက်မှ ၃၁ရက်) အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများ ဩဂုတ် ၁၂ရက်တွင် စာရင်းပေးသွင်းရမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီး၌အဖွဲ့ချုပ်နာယက ကမ္ဘာ့နာစရိယ ဒွိပိဋကဓရ ခြောက်ထပ်ကြီး မဏိရတနာကျောင်း ဆရာတော် ပြည်တွင်း ပြည်ပ သာသနာပြုဆရာတော် ဘဒ္ဒန္တပဏ္ဍိတက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်းနှင့် ယောဂီများ စိတ်အေးချမ်းသာစွာ တရားအားထုတ်နိုင်ရေး ဘောဇနဆောင်ကြီး စုပေါင်းဆောင်ရွက်နေပြီဖြစ်ပါ၍ ဆောင်ရွက်လိုပါက ဖုန်း-၅၄၁၈၆၀သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြဝတီရုပ်မြင်သံကြား

၃၀-၇-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၀၀	၆။	အမျိုးသားရေးတေးကဗျာ
၅း၂၀	၇။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၃၀	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၄၀	၉။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၅၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၄။	ကာတွန်းအစီအစဉ် **ကျားကလေးရဲ့မွေးရပ်မြေ** (အပိုင်း-၁၆)
၆း၄၅	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့ သူ့ရဲကောင်း** (အပိုင်း-၉၀)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	ဖြေလိုက်ပါ
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အဖြူရောင်မြွေမင်းသမီးလေး** (အပိုင်း -၃၅)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဝန်ထမ်းမိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ (ရန်ကုန်ရုံးခွဲ)တွင် ကျင်းပရာ ရွှေပြည်သာမြို့နယ် သီရိမင်္ဂလာပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တသုမနနှင့် သံဃာတော်များ ကြွရောက်တော်မူကြပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များနှင့်ဇနီးများ၊ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ သီရိမင်္ဂလာ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တသုမနထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ဇနီးများ၊ တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြပြီး**(အပေါ်ပုံ)** ဆရာတော် ဘဒ္ဒန္တသုမနထံမှ ရေစက်ချအနုမောဒနာ တရားတော်နာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ယင်းနောက် ဆရာတော်၊ သံဃာတော်များအား ဝန်ထမ်းမိသားစုများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် ရှမ်းခြံ(၃)ရပ်ကွက်နေ မထားထားဦး၊ မသန္တာဦးတို့အား ရည်စူး၍ ဦးကျော်ပိုင်-ဒေါ်ခင်သန်း၊ သား မောင်အောင်ကျော်ဦး-မပပဦး၊ သား မောင်မိုးကျော်သူ၊ မနီနီဝေ၊ သမီး မချိုသဲပိုင်ဦး၊ မြေး ခိုင်ရွှေသွယ်၊ မဟန်နီကျော်တို့က အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးသိန်းထွန်းနှင့်ဦးထွန်းတို့က လက်ခံယူကြသည်။**(အောက်ပုံ) (မြန်မာ့အလင်း)**

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဟောပြောပွဲ

ရန်ကုန် ဇူလိုင် ၂၉

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း(MCPA)မှ ကြီးမှူး၍ ဩဂုတ် ၂ရက်(စနေနေ့) မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ ရန်ကုန်တိုင်း လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် အခန်း ၂၀၅တွင် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း တွဲဖက်အတွင်းရေးမှူး ဦးရဲရင့်ဝင်းက ဂျပန်နိုင်ငံ အပါအဝင် နိုင်ငံပေါင်း ခုနစ်နိုင်ငံမှ အသိအမှတ်ပြုမည့် IT ကျွမ်းကျင်မှုဆိုင်ရာ အရည်အချင်းစစ်စာမေးပွဲ ITPEC ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောမည်ဖြစ်သည်။

ယင်းအလုပ်ရုံ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဝင်များ၊ ကွန်ပျူတာပညာလေ့လာနေသူများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံးခန်း ဖုန်း-၆၅၂၂၇၆သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လှူဒါန်း

နှစ်ဖက်သော မိဘများအား အမှူးထား၍ သူရိယသင်္ကန်းတိုက် တာချီလိတ်မြို့နေ ဦးအောင်ဖြိုးရှိန်-ဒေါ်နန်းနွတ်နွတ်၊ သမီး နှင်းလှဲ့ရည်အောင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္မငွေပဒေသာပင် အလှူငွေကျပ် ၁၂၀၀၀၀လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဦးသန်းထွန်း လက်ခံယူစဉ်။ (မြန်မာ့အလင်း)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အား အမှူးထား၍ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစုများ၏ ဧကာဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်၉နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ ဒဂုံပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ဒဂုံပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာနန္ဒ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းအေး၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ စာတည်းမှူးချုပ်များ၊ စာတည်းမှူးများ၊ မန်နေဂျာများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး ဒဂုံပရိယတ္တိ စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာနန္ဒထံမှ သတင်းနှင့်စာနယ်ဇင်း လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း နှင့်ဇနီး၊ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်

ထို့နောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့်ဇနီး၊ ပရိသတ်များက ဆရာတော် သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒဂုံပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဇနီးနှင့် ပရိသတ်များက သာဓုအနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် ပရိသတ်များက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းအေးနှင့် ပရိသတ်များက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစုများ၏ ဧကာဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြစဉ်။ (သတင်းစဉ်)

အမြတ်တရား လေးပါး

ကျန်းမာခြင်းသည် မြတ်သောလာဘ်ကြီးဖြစ်သည်။
ရောင့်ရဲခြင်းသည် မြတ်သော ကိုယ်ပိုင်ဥစ္စာဖြစ်သည်။
ချစ်ကျွမ်းဝင်သူသည် မြတ်သောဆွေမျိုးဖြစ်သည်။
နိဗ္ဗာန်သည် မြတ်သောချမ်းသာဖြစ်သည်။

(ဓမ္မပဒ - ၂၀၄)

လမ်းမတော် ပြန်/ဆက် ဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

လမ်းမတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဇူလိုင် ၁၀ ရက်က လမ်းမတော်မြို့နယ် အမှတ်(၁၁)ရပ်ကွက် လမ်းသစ်ရိပ်သာ ဓမ္မာရုံစာကြည့်တိုက်၌ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မကြီးနှင့် အမှတ်(၁၁)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှမြင့်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မကြီးက "စာဖတ်ခြင်း၏အကျိုး" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

■ ရှေ့ဖုံးမှ

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဗိုလ်ချုပ်ကိုကို၊ ဗိုလ်ချုပ်သာအေးနှင့် ဗိုလ်ချုပ်ခင်ဇော်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဝင်များဖြစ်ကြသော အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေးလုပ်ငန်း ကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့အနေဖြင့် နိုင်ငံအတွင်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရေးနှင့် ပြည်သူများခရီးသွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် နိုင်ငံတော်ပိုင် လမ်း၊ တံတားများကို ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပေါင်းစပ်ဆောင်ရွက်သည့် အစီအစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ဟန်ချက်ညီညီ

ဤသို့ပုဂ္ဂလိကကဏ္ဍနှင့်ပေါင်းစပ်လျက် လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများက ပံ့ပိုးဆောင်ရွက်ရမည့်အပိုင်း၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများက ပံ့ပိုးဆောင်ရွက်ရမည့်အပိုင်းနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ဆောင်ရွက်ရမည့် အပိုင်းကဏ္ဍများ ဟန်ချက်ညီညီ ပေါင်းစည်းဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း။

တာဝန်ယူဆောင်ရွက်

လုပ်ငန်းရှင်များအနေဖြင့် လုပ်ကိုင်ဆောင်ရွက်၍ အဆင်ပြေနိုင်မည့်လမ်းများ၊ စီးပွားရေးအရ တွက်ခြေကိုက်နိုင်မည့်လမ်းများနှင့် အချို့လည်း မိမိတို့လုပ်ကိုင်ဆောင်ရွက်နေသည့်လုပ်ငန်း ဒေသနှင့် ဆက်စပ်နေသည့်လမ်းများကို တာဝန်ယူဆောင်ရွက်ရန် တင်ပြချက်များအရ နိုင်ငံတော်ကခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း။

လမ်းလုပ်ငန်းသည် အစဉ်အမြဲပြုပြင်ထိန်းသိမ်းပြီး ဖိဖိစီးစီးဆောင်ရွက်မှသာ အောင်မြင်နိုင်သည့်လုပ်ငန်းဖြစ်ကြောင်း၊ ငွေကြေးအရင်းအနှီးလည်း ကြီးမားကြောင်း၊ ခြောက်သွေ့သောဒေသရှိ လမ်း၊ စိုစွတ်ပြီး ရေကျော်လေ့ရှိသည့်လမ်း၊ တောင်ပေါ်လမ်း၊ မြေပြန့်လမ်း စသည်ဖြင့် ဒေသ၊ မြေပြင်အနေအထား၊ ရာသီဥတု အခြေအနေတို့အရ လမ်းပိုင်း တစ်ခုနှင့်တစ်ခု မတူညီကြကြောင်း။

ရေရှည်ခိုင်ခံ့

သို့ဖြစ်၍ လမ်းအခြေအနေပေါ်မူတည်ပြီး စနစ်တကျဖြင့် မျက်ခြည်မပြတ် စောင့်ကြည့်ပြီး အမြဲမပြတ်ပြုပြင်ဆောင်ရွက်ပါမှ လမ်းများရေရှည်ခိုင်ခံ့မှာဖြစ်ကြောင်း။

နိုင်ငံတော်အပိုင်း၊ ဒေသဆိုင်ရာ အာဏာပိုင်များအပိုင်းမှ ပံ့ပိုးဆောင်ရွက်ပေးဖွယ်များကို တတ်အားသရွေ့ ကူညီပံ့ပိုး ဆောင်ရွက်ပေးမှာဖြစ်ကြောင်း။

ပြုပြင်ထိန်းသိမ်း

လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေး၊ ပြည်သူများခရီးသွားလာမှု၊ ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရေး ရည်မှန်းချက်များဖြင့် လမ်း၊ တံတားလုပ်ငန်းများကို နိုင်ငံတော်က လွှဲအပ်ထားခြင်းဖြစ်သည့်အလျောက် လုပ်ငန်းရှင်များကလည်း လမ်းပန်းဆက်သွယ်မှု အမြဲကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်းရန် တာဝန်ရှိသည်ဆိုသည့် ခံယူချက်ဖြင့် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ဒေသဆိုင်ရာအာဏာပိုင်များကလည်း လုပ်ငန်းရှင်များက တာဝန်ယူဆောင်ရွက်နေသည့် လမ်းများဖြစ်သော်လည်း နိုင်ငံတော်ပိုင်လမ်းများဖြစ်သည့်အပြင် တိုင်းရင်းသားပြည်သူများ အသုံးပြုနေသော လမ်းများဖြစ်သည်ဟု သိမြင်ပြီး သက်ဆိုင်ရာ လုပ်ငန်းရှင်များ၏ လုပ်ငန်းများ အောင်မြင်ပြီးမြောက်အောင် ဝိုင်းဝန်းကူညီပံ့ပိုးပေးကြရန် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဗိုလ်ချုပ်ကိုကို၊ ဗိုလ်ချုပ်သာအေးနှင့် ဗိုလ်ချုပ်ခင်ဇော်တို့က သက်ဆိုင်ရာနယ်မြေအလိုက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ အတွင်းရေးမှူး ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ပုဂ္ဂလိက လုပ်ငန်းရှင်များအား B.O.T စနစ်ဖြင့် လုပ်ကိုင်ခွင့်ပေးထားသည့်လမ်းများ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ပြုပြင်ဆောင်ရွက်

ထို့နောက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော တိုင်းရင်းသားပုဂ္ဂလိက ကုမ္ပဏီများဖြစ်ကြသည့် အေးရှားဝေါလ်ကုမ္ပဏီ၊ သော်တာဝင်းကုမ္ပဏီ၊ ရွှေသံလွင်ကုမ္ပဏီ၊ ဟိုက်စတားကုမ္ပဏီ၊ ရွှေတောင်ကုမ္ပဏီ၊ ယုဇနကုမ္ပဏီ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ ကမ္ဘောဇ လမ်းကြောင်းရှာဖွေရေးစက်မှုလုပ်ငန်းများ လီမိတက်၊ မက်စ်မြန်မာကုမ္ပဏီနှင့် မြတ်နိုးသူကုမ္ပဏီတို့မှ တာဝန်ရှိသူများက မိမိတို့ တာဝန်ယူဆောင်ရွက်နေသည့်လမ်းများ ပြုပြင်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ပေါင်းစပ်ညှိနှိုင်း

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက လိုအပ်ချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၃၀-၇-၂၀၀၈ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၇း၅၅	၅။	အတီးပြိုင်ပွဲ
၈း၁၀	၆။	မြန်မာ့မီးရထား အားမာန်
၈း၂၀	၇။	တေးဂီတအစီအစဉ်
၈း၃၀	၈။	International News
၈း၄၅	၉။	အကပြိုင်ပွဲ
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၂၀	၃။	သီချင်းကြီးပဒေသာ
၄း၃၀	၄။	အတီးပြိုင်ပွဲ
၄း၄၅	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၅၅	၆။	တေးဂီတအစီအစဉ်
၅း၁၀	၇။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅း၂၀	၈။	ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၆း၀၀	၉။	ညနေခင်းသတင်း
၆း၃၀	၁၀။	မိုးလေဝသအခြေအနေ
၆း၃၅	၁၁။	မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၆း၅၀	၁၂။	ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇း၃၀	၁၃။	အဆိုပြိုင်ပွဲ
၇း၄၀	၁၄။	ကြေးမုံရိပ်သွင် တေးနုယဉ်
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	မြန်မာ့ရုပ်ရှင် **မာယာရထား** လွင်မိုး၊ ထွန်းအိန္ဒြာဗို၊ နန္ဒာလှိုင်၊ ကြည်လဲ့လဲ့ဦး၊ သင်းရန့် (ဒါရိုက်တာ-အိအိခိုင်)
	၁၉။	အစီအစဉ်ပြီး၏။

ဝါဆိုသင်္ကန်း ဆက်ကပ်

ကျောက်တံတားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲကို ဇူလိုင်၂၇ရက်က မြို့နယ်ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးထွေးမြင့်နှင့် ဇနီးတို့က မဟာသိမ်တော်ကြီး ကျောင်းတိုက်ဆရာတော်ထံသို့ ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းစဉ်။

(မြန်မာ့အလင်း)

အီရန်နိုင်ငံ ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင်ဖြစ်ရေး ဘက်မလိုက်နိုင်ငံများထောက်ခံပေးရန် မေတ္တာရပ်ခံ

တီဟီရန် ဇူလိုင် ၂၉

အီရန်နိုင်ငံအနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမြဲတမ်းမဟုတ်သည့် အဖွဲ့ဝင်ဖြစ်ရေးကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့(နမ်)ဝင်များက ထောက်ခံကြရန် အီရန်နိုင်ငံခြားရေးဝန်ကြီး မော့တာဘီက ဇူလိုင် ၂၇ရက်၌ မေတ္တာရပ်ခံလိုက်ကြောင်း အိုင်အာရ်အင်န်အေသတင်းဌာနက ကြေညာသည်။

ဆွေးနွေးဆုံးဖြတ်

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ၂၀၀၉-၂၀၁၀ နှစ်နှစ်သက်တမ်းအတွင်း အီရန်အားအမြဲတမ်းမဟုတ်သည့် အဖွဲ့ဝင်အဖြစ် သတ်မှတ်ထားပြီး နယူးယောက်တွင် ယင်းကိစ္စကို မကြာမီဆွေးနွေး ဆုံးဖြတ်ကြမည်ဖြစ်ကြောင်း အီရန်နိုင်ငံမြို့တော် တီဟီရန်၌ နိုင်ငံခြားရေးဝန်ကြီးက တိုက်တွန်းအသိပေးလိုက်ခြင်း ဖြစ်သည်။

ရင်ဆိုင်နေရ

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ကျွမ်းကျင်သူများအစည်းအဝေးဖွင့်ပွဲတွင် နိုင်ငံခြားရေးဝန်ကြီးက ဘက်မလိုက်နိုင်ငံများသည် ယခုအခါ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ စီးပွားရေးဖွံ့ဖြိုးမှု၊ လူမှုရေးတိုးတက်မှု၊ ဥပဒေစိုးမိုးရေးစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်း ထည့်သွင်းပြောကြားလိုက်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**



ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့၌ ဇူလိုင် ၂၈ ရက်က ကျင်းပသည့် ဖက်ရှင်ပြပွဲ၌ ပါဝင်ယှဉ်ပြိုင်နေသူတစ်ဦးကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့မြို့ကြီးအချို့၏ မိုး/လေ အခြေအနေ

နယူးယောက် ဇူလိုင် ၂၉

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ ဇူလိုင် ၂၉ ရက်က ထုတ်ပြန်ခဲ့သော မြို့ကြီးအချို့၏ ရာသီဥတု အခြေအနေကို အောက်ပါအတိုင်း သတင်းထုတ်ပြန်ထားသည်-

နိုင်ငံ	မြို့	အပူချိန်	ရာသီဥတုအခြေအနေ
တရုတ်	ပေကျင်း	၃၀˚C	လေပြင်းတိုက်၊မိုးရွာ
ဂျပန်	တိုကျို	၃၂˚C	မိုးရွာ၊ တိမ်ထူထပ်
ထိုင်း	ဗန်ကောက်	၃၃˚C	လေပြင်းတိုက်၊မိုးရွာ
ဩစတြေးလျ	ဆစ်ဒနီ	၁၄˚C	တိမ်ထူထပ်
ပါကစ္စတန်	ကရာချိ	၃၃˚C	တိမ်ထူထပ်
အီဂျစ်	ကိုင်ရို	၃၄˚C	သာယာ၊တိမ်ထူထပ်
ရုရှား	မော်စကို	၂၀˚C	လေပြင်းတိုက်၊မိုးရွာ
ဂျာမနီ	ဖရန့်ဖွတ်	၂၉˚C	မိုးရွာ
ပြင်သစ်	ပါရီ	၂၇˚C	တိမ်ထူထပ်
ဗြိတိန်	လန်ဒန်	၂၆˚C	တိမ်ထူထပ်
အမေရိကန်	နယူးယောက်	၃၁˚C	တိမ်ထူထပ်

(အင်တာနက်)

နီပေါနိုင်ငံသစ် တည်ဆောက်ရေး စည်းလုံးညီညွတ်ကြရန် သမ္မတသစ်တိုက်တွန်း

ခတ္တမန္ဒူ ဇူလိုင် ၂၉

နီပေါသမ္မတသစ် ရမ်ဘာရန်ယာဒက်က ဇူလိုင် ၂၇ ရက်ညနေ၌ နီပေါပြည်သူများသို့ ပထမဆုံးအကြိမ် မိန့်ခွန်းပြောကြားရာတွင် အမျိုးသားစည်းလုံးညီညွတ်ရေးကို အလေးထားကြရန် တိုက်တွန်းလိုက်သည်။

နီပေါသမ္မတနိုင်ငံ၏ ပထမဆုံးသမ္မတအဖြစ် ခတ္တမန္ဒူမြို့တော်ရှိ သမ္မတအိမ်တော်မှ ၎င်းက မိန့်ခွန်းပြောကြားခြင်းဖြစ်သည်။

အကောင်အထည်ဖော်

နီပေါပြည်သူအားလုံး ဇာတ်အမျိုးအနွယ်နှင့်ဘာသာအယူဝါဒ မည်သို့ပင်ကွဲပြားသည်ဖြစ်စေ အမျိုးသားစည်းလုံးညီညွတ်ရေးမှာလိုအပ်ကြောင်း၊ မိမိကိုယ်တိုင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အချိန်မီ ရေးဆွဲရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ရေးတို့အတွက် အစွမ်းကုန်ညှိနှိုင်းကြိုးပမ်းမည်ဖြစ်ကြောင်း သမ္မတရမ်ဘာရန်ယာဒက်က ကတိပြုပြောကြားသည်။

စီးပွားရေးနှင့် လူမှုရေးရာတို့တွင် အားမာန်ပြည့်ဝသော နီပေါနိုင်ငံသစ် တည်ဆောက်ရေးအတွက် နိုင်ငံတော်ကို သိပ္ပံနည်းကျ ပြန်လည်ထူထောင်ရန် လိုအပ်ကြောင်း စသဖြင့်၎င်းကပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘောဒီးယား ပါလီမန်ရွေးကောက်ပွဲ အာဏာရ ကမ္ဘောဒီးယားပြည်သူ့ပါတီ အနိုင်ရ

ဖနောင်ပင် ဇူလိုင် ၂၉

ကမ္ဘောဒီးယားနိုင်ငံ၌ ဇူလိုင် ၂၇ ရက်က ကျင်းပသည့် ပါလီမန်ရွေးကောက်ပွဲတွင် အောင်ပွဲခံအနိုင်ရကြောင်း အာဏာရ ကမ္ဘောဒီးယားပြည်သူ့ပါတီ(စီပီပီ)က ကြေညာသည်။

စီပီပီက ရွေးကောက်ပွဲ၌ အနိုင်ရလျှင် ၁၉၈၅ခုနှစ်ကတည်းကစ၍ အာဏာယူထားသည့် ဝန်ကြီးချုပ် ဟွန်ဆင် အစိုးရမှာ နောက်ထပ်သက်တမ်း ငါးနှစ်တိုးမည်ဖြစ်သည်။

ခန့်မှန်း

ပါတီပေါင်း ၁၁ပါတီ ပါဝင်အရွေးခံသည့် ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် ဟွန်ဆင်၏ ပါတီအနိုင်ရမည်ဟု အများက ကြိုတင် ခန့်မှန်းထားကြသည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘောဒီးယားပြည်သူများမှာ စီးပွားရေး တိုးတက်မှုကို ကိုယ်တိုင်ထိတွေ့ ခံစားနေရသည်။

လူကြိုက်

ထို့ပြင် မကြာမီက ထိုင်းနိုင်ငံနှင့် နယ်စပ် အငြင်းပွားမှုတွင် ဝန်ကြီးချုပ် ဟွန်ဆင်က ပြတ်ပြတ်သားသား ရပ်တည်သည့်အတွက် ပြည်သူကြားတွင် ဝန်ကြီးချုပ်ကို လူကြိုက်များနေသည်ဟုဆိုသည်။

ရွေးကောက်ပွဲအပြီးသတ် ရလဒ်များကို ၁၀ ရက်ခန့်အတွင်း ကြေညာမည်ဟု မျှော်လင့်ရသည်။ **(အင်တာနက်)**

ဂရိနိုင်ငံတောင်ပိုင်း ရိုဒက်ကျွန်း၌ တောမီးလောင်မှုဖြစ်ပွားလျက်ရှိရာ ရဟတ်ယာဉ်ဖြင့် ငြိမ်းသတ်နေသည်ကို ဇူလိုင် ၂၉ရက်က တွေ့ရစဉ်။(အင်တာနက်ဓာတ်ပုံ)

ဗုံးခွဲမှုများဖြစ်ပွား အီရတ်၌ ၂၅ ဦးသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၂၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၌ ဘာသာရေးပွဲတော်အတွင်း အသေခံဗုံးခွဲတိုက်ခိုက်မှုများကြောင့် ၂၅ဦးသေဆုံးပြီး ၇၀ ခန့်ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ကြေညာခဲ့သည်။

အသေခံဗုံးခွဲသူများမှာ အမျိုးသမီးများဖြစ်ပြီး ဘဂ္ဂဒက်မြို့တော်မြောက်ပိုင်းရှိ ကာဒီမီယာဘုရားကျောင်းသို့သွားရောက်သည့် ရှီးယိုက်မွတ်စလင်များအား တိုက်ခိုက်ခြင်းဖြစ်သည်။

ပစ်သတ်

ဘုရားဖူးများဖြင့် စည်ကားသည့်အတွက် မြို့တော်ကို လုံခြုံရေးထူထပ်စွာချထားသည့်ကြားမှပင် မြို့တောင်ဘက်ဆင်ခြေဖုံးတွင် ဘုရားဖူး ခုနစ်ဦးအား သေနတ်သမားများက ဇူလိုင် ၂၇ရက်၌ ပစ်သတ်ခဲ့သည်။

ဘုရားဖူး လာရောက်သူများ တစ်သန်းကျော်ရှိမည်ဟု ခန့်မှန်းရသည်။

(အင်တာနက်)

ရိုးရာယဉ်ကျေးမှု ထုတ်ကုန်ပြပွဲ

တရုတ်နိုင်ငံ ရှန်တုန်ပြည်နယ်၌ ၂၀၀၈ ပေကျင်း အိုလံပစ်အထိမ်းအမှတ်အဖြစ် ယဉ်ကျေးမှုထုတ်ကုန်ပြပွဲ၌ ဝန်ထမ်းတစ်ဦးက ရိုးရာစွန်များ ပြသထားသည်ကို ဇူလိုင် ၂၉ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

မြန်မာ့အလင်း ပြည်ပသတင်းနောက်ဆုံးဖြစ်ရပ်များ ၂၉-၇-၂၀၀၈

တရုတ်၌ စားသုံးဆီတင်သွင်းမှု မြင့်တက်

ပေကျင်း ဇူလိုင် ၂၉

ယခုနှစ် ပထမနှစ်ဝက်အတွင်း တရုတ်နိုင်ငံအနေဖြင့် ဟင်းရွက်ဆီတင်သွင်းမှု ပမာဏမှာ တန်ချိန် ၃ဒသမ ၅၇သန်းရှိရာ နှစ်ချင်းအလိုက် ၁၁ဒသမ ၁ရာခိုင်နှုန်း တိုးမြှင့်ခဲ့သည်။ စားသုံးဆီ တင်သွင်းမှုများတွင် စားအုန်းဆီတန်ချိန် ၂ဒသမ၀၇သန်း၊ ပဲပိစပ်ဆီတန်ချိန် ၁ဒသမ ၃၃သန်း ပါဝင်ရာ တင်သွင်းကုန် ဆီအားလုံး၏ စားသုံးဆီတစ်တန်တန်ဖိုးမှာ ပျမ်းမျှအားဖြင့် အမေရိကန်ဒေါ်လာ ၁၁၁၄ဒေါ်လာခန့်ရှိကြောင်း ဇူလိုင်၂၇ရက်က အထွေထွေ အကောက်ခွန်အုပ်ချုပ်စီမံခန့်ခွဲမှုဌာနက ပြောကြားသည်။

ပနားမားတူးမြောင်း၌ သင်္ဘောဖြတ်သန်းမှုပိုများလာ

ပနားမားစီးတီး ဇူလိုင် ၂၉

ပနားမားနိုင်ငံရှိ ပနားမားတူးမြောင်းအတွင်း သင်္ဘောဖြတ်သန်းမောင်းနှင်မှုမှာ ယခုနှစ်ဝက်၌ သင်္ဘော ၇၈၂၁ စင်းရှိရာ ယမန်နှစ် အလားတူကာလကထက် သင်္ဘော ၉၅စင်း ပိုမိုဖြတ်သန်းမောင်းနှင်ခဲ့ကြောင်း၊ ယင်းမှာ ကမ္ဘာ့ကုန်သွယ်မှု မြင့်တက်လာမှုကြောင့်ဖြစ်ကြောင်း ပနားမားတူးမြောင်း အာဏာပိုင်အဖွဲ့က ပြောကြားသည်။

အီရန်နှင့် ယုဂန္ဒာကုန်သွယ်မှုကဏ္ဍ အကျိုးတူဆောင်ရွက်

တီဟီရန် ဇူလိုင် ၂၉

အီရန်နှင့်ယုဂန္ဒာနိုင်ငံတို့သည် ပြည်ပပို့ကုန်လုပ်ငန်းနှင့် ကုန်သွယ်မှုကဏ္ဍ အကျိုးတူပူးပေါင်းဆောင်ရွက်မှုစတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နှစ်နိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စက်မှုလုပ်ငန်းနှင့် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း အီရန်သတင်းဌာနက ဖော်ပြသည်။

ကယ်ကွတ်မြို့၌ အသေခံဗုံးဖောက်ခွဲ

ဘဂ္ဂဒက် ဇူလိုင် ၂၉

အီရတ်နိုင်ငံ မြောက်ပိုင်း ကယ်ကွတ်မြို့၌ ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက အသေခံဗုံး ဖောက်ခွဲရေးသမားသည် ဖောက်ခွဲရေးပစ္စည်းကို ၎င်း၏ခါး၌ပတ်လျက် မြို့လယ်ရှိ အစိုးရရုံးစိုက်ရာ အဆောက်အအုံတစ်ခု၌ ဗုံးဖောက်ခွဲ တိုက်ခိုက်ရာ ၂၅ဦးသေဆုံးပြီး အခြားလူ ၁၈၅ဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

အစ္စတန်ဘူလ်၌ ဗုံးနှစ်လုံးပေါက်ကွဲမှုဖြစ်ပွား

အစ္စတန်ဘူလ် ဇူလိုင် ၂၉

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ လူစည်ကားရာ စတိုးဆိုင်များ၌ ဇူလိုင် ၂၇ရက်က ဗုံးပေါက်ကွဲမှု နှစ်ကြိမ်ဖြစ်ပွားရာ ၁၃ ဦးသေဆုံးကာ ၇၀ ဒဏ်ရာရရှိခဲ့ကြောင်း၊ ပြင်းထန်စွာ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး၊ ၎င်းမြို့၏ အခြားတစ်နေရာ၌ ထပ်မံဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။ ယင်းဗုံးပေါက်ကွဲမှုသည် အသေခံဖောက်ခွဲ တိုက်ခိုက်ခြင်းမဟုတ်ဘဲ ဗုံးထောင်ကာ ဖောက်ခွဲဖျက်ဆီးခြင်းဖြစ်သည်။

ဘရာဇီးမြောက်ပိုင်း၌ ယာဉ်တိုက်မှု ရှစ်ဦးသေဆုံး

ရီယိုဒီဂျနေးရိုး ဇူလိုင် ၂၉

ဘရာဇီးနိုင်ငံမြောက်ပိုင်း ပါရာပြည် နယ်တွင် ဇူလိုင် ၂၉ ရက်က ကားနှစ်စီး မျက်နှာချင်းဆိုင်တိုက်မိရာ ရှစ်ဦးသေဆုံးပြီး တစ်ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိသွားခဲ့သည်။ အဆိုပါယာဉ်မတော်တဆမှု၌ ယာဉ်တစ်စီးမှာ မီးလောင်ကျွမ်းခဲ့ပြီး ယင်းယာဉ်ပေါ်တွင် လိုက်ပါလာသူ ငါးဦးစလုံးသေဆုံးခဲ့သည်။

နိုင်ဂါရေလက်ကြား၌ ရေနံပိုက်လိုင်း ဖျက်ဆီးခံရ

လေဂို့စ် ဇူလိုင် ၂၉

နိုင်ဂျီးရီးယားနိုင်ငံ နိုင်ဂါရေလက်ကြားဒေသ၌ ဇူလိုင် ၂၈ရက် စောစောပိုင်းက ရေနံပိုက်လိုင်းနှစ်ခုကို အကြမ်းဖက်သမားများက ဖျက်ဆီးခဲ့ကြောင်း ပြည်တွင်းရေနံကော်ပိုရေးရှင်း (အင်န်အင်န်ပီစီ)မှ သတင်းထုတ်ပြန်သည်။ ယင်းရေနံပိုက်လိုင်းများ ပြန်လည်ပြုပြင်ရန် အမေရိကန်ဒေါ်လာ ၁၂သန်း ကုန်ကျမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့မှ တာဝန်ခံ အကြီးအကဲက ပြောကြားသည်။

ဘဝအမောပြေ

နှစ် ၂၀ ပြည့် . . . .

အိမ်ထောင်သက် နှစ် ၂၀ ပြည့်အထိမ်းအမှတ်အဖြစ် ညစ်ခံပွဲပြုလုပ်ပြီးနောက် ဇနီးသည်က ခင်ပွန်းဖြစ်သူအား မေးလေသည်။

ဇနီး ။ ။ လွန်ခဲ့တဲ့ နှစ်၂၀ ဖြစ်တဲ့ ဒီလိုနေ့မှာ ကျွန်မတို့လက်ထပ်ခဲ့ကြတယ်နော်။
ခင်ပွန်း ။ ။ ဟုတ်တာပေါ့။
ဇနီး ။ ။ အဲဒီနေ့တုန်းက ပျော်လိုက်တာ…မင်္ဂလာပွဲလာတဲ့ လူတွေလည်း အများကြီး။
ခင်ပွန်း ။ ။ အင်း…ဟုတ်တယ်။
ဇနီး ။ ။ အဲဒီနေ့ကို ဘယ်တော့မှမမေ့ဘူး၊ ဝမ်းသာလွန်းလို့။ ရှင်ကော…။
ခင်ပွန်း ။ ။ ငါလည်း ဘယ်တော့မှမမေ့ပါဘူး။
ဇနီး ။ ။ ပျော်လွန်းလို့လား။
ခင်ပွန်း ။ ။ ငါ့ဘဝမှာ စိတ်ဆင်းရဲမှုစတင်ခဲ့တဲ့နေ့မို့လို့လေ။
ဇနီး ။ ။ "ဘာ…"

အာကာသသိပ္ပံ

အင်္ဂါဂြိုဟ်ပေါ်၌ ရေရှိနိုင်သည့် အထောက်အထားများ တွေ့ရှိ

နယူးယောက် ဇူလိုင် ၂၉

အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် ရောက်ရှိလေ့လာနေသော ဖိုးနစ်အမည်ရှိ အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်သည် ဇူလိုင်၂၈ရက်က စက်ရုပ်လက်တံဖြင့် အင်္ဂါဂြိုဟ် မြေပြင်တစ်နေရာ ကို ထိုးယူစစ်ဆေးကြည့်ရာ ရေခဲမှုန်များနှင့် ရေဓာတ်ပါဝင်မှုများပြားသော မြေနမူနာအချို့ကို တွေ့ရှိခဲ့ကြောင်း နာဆာ အာကာသသိပ္ပံ ပညာရှင်များက ပြောကြားသည်။

ရေဓာတ်ပါဝင်မှုများပြား

ဖိုးနစ်အာကာသစူးစမ်းလေ့လာရေးယာဉ်၏ ယခုတွေ့ရှိချက်သည် ယခင်တွေ့ရှိထားသည့်အချက်အလက်များကို ပိုမိုခိုင်မာစေခဲ့သည်။ ယခုတူးယူရရှိသော အင်္ဂါဂြိုဟ်မျက်နှာပြင်မှရရှိသည့် မြေကြီးသည် ရေဓာတ်ပါဝင်မှုများပြားသည်။



ထို့ကြောင့် နာဆာ အာကာသသိပ္ပံပညာရှင်များက ရေရှိသည့်နေရာကို ရအောင်ဖော်ထုတ်သွားမည်ဟု ပြောကြားသည်။

ရှေ့သို့တိုးမြှင့်

အင်္ဂါဂြိုဟ်ပေါ်၌ရေရှိလျှင် သက်ရှိတို့အသက်ရှင်သန်စွာ နေထိုင်နိုင်မည်ဖြစ်ရာ ဖိုးနစ်အာကာသယာဉ်၏ ယခုတွေ့ရှိချက်သည် အကျိုးရှိသည့်ခြေတစ်လှမ်း ရှေ့သို့ တိုးမြှင့်လိုက်ခြင်းပင်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ပုံစံနှစ်မျိုးဖြင့် မိဘများအား လှည့်စားနေထိုင်ခဲ့ပါသော်လည်း

နိုင်ငံတကာ မှုခင်းဖြစ်ရပ်

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ အရှေ့တောင်ပိုင်း ဒက်ဖို့ဒ်အရပ်တွင် နေထိုင်ကြသော ဒါရက်ခ်တောင်ဆန်နှင့်နီကိုလာတောင်ဆန်တို့သည် လွန်ခဲ့သည့် နှစ်၂၀က လက်ထပ်ခဲ့ကြသည်။ ထိုစဉ်က ဒါရက်ခ်တောင်ဆန်သည် ၂၅နှစ် အရွယ်ရှိပြီး သူ၏ဇနီး နီကိုလာသည် ၁၇နှစ် အရွယ်သာရှိသေးသည်။ သူတို့နှစ်ဦးသည် ၁၉၈၈ခုနှစ်က လက်ထပ်ခဲ့ပြီး သုံးနှစ်မျှ သားသမီးမယူသေးဘဲ လွတ်လွတ်လပ်လပ် နေထိုင်ခဲ့ကြသည်။ ၁၉၉၁ခုနှစ်တွင်မှ သားသမီးယူကာ ၁၉၉၂ခုနှစ်တွင် သူတို့ဇနီးမောင်နှံ၏ တစ်ဦးတည်းသော သားလေး ရှာကီလပ်စ်တောင်ဆန်ကို မွေးဖွားခဲ့သည်။ ယခုအခါ ခင်ပွန်းဒါရက်ခ်သည် ၄၅နှစ်၊ နီကိုလာက ၃၇နှစ်နှင့် ရှာကီလပ်စ်က ၁၆နှစ် အရွယ် အသီးသီးရှိနေကြပေပြီ။

ဒါရက်ခ်သည် အိမ်ထောင်မပြုမီကပင် ကိုယ်ပိုင်တက္ကစီများ ၁၀စီးခန့် ထောင်ထားပြီး တစ်စီးကို သူကိုယ်တိုင်မောင်းကာ ကျန်ကိုးစီးကို ငှားရမ်းထားလေသည်။ ထို့ကြောင့် သူတို့ဇနီးမောင်နှံ၏ စားဝတ်နေရေးမှာ မပူပင်ရတော့ပေ။ နီကိုလာကမူ အိမ်ထောင်မှု ထိန်းသိမ်းကာ ခင်ပွန်းနှင့် သားအား ကျွေးမွေးပြုစုသော အိမ်ထောင်ရှင်မကောင်းတစ်ဦး၏ တာဝန်ကို ဝတ္တရားမပျက် ယူထားလေသည်။

ဒါရက်ခ်တောင်ဆန်

ရှာကီလပ်စ်တောင်ဆန်

ထူးချွန်ထက်မြက်

သူတို့ဇနီးမောင်နှံ၏ တစ်ဦးတည်းသောသားလေးမှာ လိမ္မာအေးဆေးကာ ပညာထူးချွန်ထက်မြက်သူဖြစ်သည်။ ရှာကီလပ်စ်သည် ပညာရေးတွင် အောင်မြင်မှုရကာ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ထူးချွန်စွာ အောင်မြင်ခဲ့သည်။ ထို့ကြောင့် တက္ကသိုလ်ဆက်တက်နိုင်ရေးအတွက် စီးပွားရေးပညာရပ်ကို တစိုက်မတ်မတ် လေ့လာနေသူဖြစ်သည်။ အိမ်တွင် အေးဆေးစွာ နေထိုင်လေ့ရှိပြီး ပညာရေးကို စူးစူးစိုက်စိုက် ကြိုးစားနေသူ ရှာကီလပ်စ်သည် အားလပ်ချိန်တွင် ကိတ်မုန့်ဖုတ်ရခြင်းကို နှစ်သက်လေသည်။

စိတ်ချယုံကြည်

ဒါရက်ခ်နှင့် နီကိုလာတို့သည် လိမ္မာရေးခြားရှိပြီး အေးအေးဆေးဆေးနေထိုင်တတ်သော သားဖြစ်သူ ရှာကီလပ်စ်အား အစစအရာရာစိတ်ချယုံကြည်ထားသူများဖြစ်သည်။ သူတို့စိတ်ချသည့်အတိုင်းပင် ရှာကီလပ်စ်ကလည်း မိဘစကားကို မြေဝယ်မကျ နားထောင်သူဖြစ်သည်။

သေဆုံး

ထိုသို့ နေထိုင်လာရာမှ ယခုနှစ် ဇူလိုင် ၃ရက်တွင် လန်ဒန်မြို့တောင်ပိုင်း သွန်တန်ဟိသ်အရပ်တွင် မိန်းကလေးတစ်ဦးကို သွားရောက်တွေ့ဆုံစဉ် လူဆိုးဂိုဏ်းတစ်ဂိုဏ်းက သူ၏ဝမ်းဗိုက်အား ဓားဖြင့်ထိုးခဲ့သည်။ ပြစ်မှုကျူးလွန်သူများက ကြောက်လန့်တကြားဖြင့် ထွက်ပြေးစဉ် ဒဏ်ရာရထားသည့်ကြားမှ မိခင်ဖြစ်သူ နီကိုလာအား လက်ကိုင်ဖုန်းဖြင့် အကြောင်းကြားခေါ်ယူခဲ့သည်။ ရှာကီလပ်စ်သည် ရရှိထားသော ဒဏ်ရာကြောင့်သွေးထွက်လွန်ကာ သေဆုံးသွားခဲ့သည်။

ထုတ်ဖော်ပြောကြား

ရှာကီလပ်စ်သေဆုံးကာမှပင် မိဘနှစ်ပါးမှာ ပုံစံနှစ်မျိုးဖြင့် ဝမ်းနည်းကြေကွဲခဲ့ကြရသည်။ ပုံစံတစ်မျိုးမှာ သူတို့ဇနီးမောင်နှံ၏ရှေ့တွင် လိမ္မာပိရိစွာနေထိုင်ခဲ့သောသားသေဆုံးသောအခါ သားလိမ္မာဆိုသောအသိဖြင့် ဝမ်းနည်းကြေကွဲခဲ့ရသည်။ နောက်တစ်မျိုးမှာ သူသေဆုံးပြီးနောက် သူပါဝင်ပတ်သက်ခဲ့သည့် လက်နက်ကိုင်ဆိုးသွမ်းသည့် ဂိုဏ်းတူမိတ်ဆွေများက သူတို့ ဂိုဏ်းအဖွဲ့ဝင်ဝတ်စုံကို ဝတ်ဆင်ကာ ဓားကိုင်ထားသောပုံကို အင်တာနက်တွင်တင်ကာ သေဆုံးသွားသူသူ့အား ဂုဏ်ပြုခဲ့သည့်အပြင် ရဲအဖွဲ့က ထုတ်ဖော်ပြောကြားခဲ့မှုကြောင့် ရှာလပ်စ်သည် ဓားပြမှု၊ မူးယစ်ဆေးဝါးမှုများနှင့်ပတ်သက်ဆက်နွယ်နေကြောင်း သိခဲ့ရသဖြင့် မိဘများ၏ မျက်ကွယ်တွင် လမ်းမှားရောက်နေပြီး ရှေ့တွင်လိမ္မာသည့်ပုံစံဖြင့် နေထိုင်ခဲ့သည့်အတွက် ယူကျုံးမရခံစားကြရသည်။

ပေးဆပ်

၁၅နှစ်အရွယ် မိန်းကလေးတစ်ဦး အပါအဝင် ဆယ်ကျော်သက်ခြောက်ဦးကို ရှာကီလပ်စ်အားသတ်မှုဖြင့် ဖမ်းဆီးတရားစွဲဆိုထားသည်။ ပြစ်မှုကျူးလွန်သော လူငယ်များသည် ပြစ်မှုကြွေးကို ပေးဆပ်ရမည်မှာ ဧကန်ပင်။

ယခု ဖြစ်ရပ်တွင် မိဘများ၏ ရှေ့တွင် ပုံစံတစ်မျိုး၊ ကွယ်ရာတွင် ပုံစံတစ်မျိုးဖြင့်နေထိုင်ကာ ပုံစံနှစ်မျိုးဖြင့် မိဘများအား လှည့်စားနေထိုင်ခဲ့ခြင်း၏ ရလဒ်ဆိုးကို ခံစားခဲ့ရသော ရှာကီလပ်စ်တောင်ဆန်၏ သင်ခန်းစာ ယူဖွယ်ရာဖြစ်ရပ် ရေးသား ဖော်ပြလိုက်ရပါကြောင်း။ ။

ကိုးကား-အင်တာနက်

ချစ်စိုးနိုင် ကိုးကားရေးသားသည်

သူတို့ဇနီးမောင်နှံ၏ တစ်ဦးတည်း သောသားလေးမှာ လိမ္မာအေးဆေးကာ ပညာထူးချွန်ထက်မြက်သူဖြစ်၊ ရှာကီလပ်စ်သည် ပညာရေးတွင် အောင်မြင်မှုရကာ တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ထူးချွန်စွာ အောင်မြင်ခဲ့၊ ထို့ကြောင့် တက္ကသိုလ်ဆက်တက်နိုင်ရေးအတွက် စီးပွားရေးပညာရပ်ကို တစ်စိုက်မတ်မတ် လေ့လာနေသူဖြစ်။

ဘဝဒဿနအမြင်

* *Only a life lived for others is a life worthwhile.*
အခြားသူများကို အကျိုးပြုသော အသက်ရှင်နေထိုင်မှုသည် အချိန်ကုန်လူပန်းခံရကျိုးနပ်သော ဘဝတစ်ခုပင်ဖြစ်သည်။

အိုင်းစတိုင်း
ဂျာမန်လူမျိုးရူပဗေဒပညာရှင်

* *Whether happiness may come or not, one should try and prepare one's self to do without it.*
ပျော်ရွှင်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အကြင်သူ တစ်ဦးသည် ယင်းပျော်ရွှင်မှုမရှိဘဲ လုပ်ဆောင်စရာရှိသည်များကို ကိုယ်တိုင်ကြိုးစားပြင်ဆင်၍ လုပ်ဆောင်သင့်သည်။

ဂျော့ချ်အီလီယော့တ်
(ပြင်သစ်လူမျိုးအတွေးအခေါ်ပညာရှင်)

အဲဘတ်စ်-အေ ၃၈၀ လေယာဉ်သစ် အီမီရိတ်လေကြောင်းလိုင်း လက်ခံရရှိ

အဘူဒူဘိုင်း ဇူလိုင် ၂၉

ယူအေအီးနိုင်ငံ အီမီရိတ်လေကြောင်းလိုင်းအနေဖြင့် ၎င်း၏ပထမဆုံး စူပါဂျမ်ဘို အဲဘတ်စ်-အေ ၃၈၀ လေယာဉ်သစ်ကို ဂျာမနီအခြေစိုက် အဲဘတ်စ်-အေ ၃၈၀ လေယာဉ်ထုတ်လုပ်ရေးလုပ်ငန်းမှ ဇူလိုင်၂၈ရက်က လွှဲပြောင်း ရယူလိုက်ပြီ ဖြစ်သည်။ (အပေါ်ပုံ)

ယခု အဲဘတ်စ်-အေ၃၈၀ လေယာဉ်သစ် အပါအဝင် အီမီရိတ် လေကြောင်းလိုင်းသည် ခရီးသည်တင် လေယာဉ် ၁၁၈စင်းဖြင့် ကမ္ဘာအနှံ့သို့ လေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲ လျက်ရှိပြီး လေယာဉ်သစ်ကြီးကို အာရပ်စော်ဘွားများ ပြည်ထောင်စုနှင့်အမေရိကန် နိုင်ငံသို့ ပျံသန်းပြေးဆွဲရန် စီစဉ်ထားသည်။

ပထမဆုံး

ပထမဆုံးခရီးစဉ်အဖြစ် ဒူဘိုင်းနှင့် နယူးယောက်မြို့များသို့ ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း၊ အီမီရိတ်လေကြောင်းလိုင်း အမှုဆောင်ဒါရိုက်တာတစ်ဦးက ပြောကြားသည်။

လက်ခံရရှိမည်

၂၀၀၇ခုနှစ် နိုဝင်ဘာလမှ စတင်၍ အဲဘတ်စ်-အေ လေယာဉ် ၅၈စင်းမှာယူထားပြီးဖြစ်ရာ ၂၀၀၉ခုနှစ် မတ် ၃၁ရက်အတွင်း လေယာဉ်သစ် ငါးစင်း၊ ၂၀၁၃ ခုနှစ် အရောက်တွင် လေယာဉ် ၅၃စင်း လက်ခံရရှိမည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

အခန်းအတွင်း အနံ့အသက်ကောင်းရန် ဆေးဖျန်းဘူးများသုံးစွဲလျှင် အသည်း၊ ကျောက်ကပ်နှင့် အာရုံကြောများထိခိုက်နိုင်

နယူးယောက် ဇူလိုင် ၂၉

လေအေးစက်တပ်ဆင်ထားသည့် အခန်းများ၊ မော်တော်ယာဉ်နှင့် အခြားနေရာများ၌ လေကိုသန့်စင်စေရန်နှင့် အနံ့အသက်ကောင်းမွှန်စေရန် အသုံးပြုသည့် ဆေးဖျန်းခြင်းများသည် ကျန်းမာရေးကို ထိခိုက်စေကြောင်း အမေရိကန်သုတေသနပညာရှင်များက ဇူလိုင် ၂၈ ရက်၌ သတိပေးပြောကြားသည်။

အဆုတ်ကိုထိခိုက်

အခန်းအတွင်း အနံ့အသက် ကောင်းမွှန်စေသည့် ဆေးဖျန်းခြင်းနှင့် အမွှေးခဲများကို ချိတ်ဆွဲထားခြင်းသည် လေထုအတွင်း ဓာတုပစ္စည်းများ ပျံ့နှံ့စေရန် ပြုလုပ်ခြင်းကဲ့သို့ဖြစ်ရာ အဆုတ်ကိုထိခိုက်မှုဖြစ်စေသည်ဟု ဆို၏။

ထိခိုက်ပျက်စီး

အဆိုပါပစ္စည်းများသည် အနည်းဆုံးဓာတုပစ္စည်း ၁၂မျိုးခန့်နှင့် ပေါင်းစပ်ပြုလုပ်ထားခြင်းဖြစ်သဖြင့် ၎င်းဓာတ်ငွေ့များ ပါဝင်နေသော လေကို ရှူရှိုက်မှုကြောင့် အသည်း၊ ကျောက်ကပ်နှင့် အာရုံကြောဖွဲ့စည်းမှုစနစ်များ ထိခိုက်ပျက်စီးစေကြောင်း ၎င်းတို့ကပြောကြားသည်။

ထို့အတူ နေအိမ်များတွင် အသုံးပြုနေသော ပိုးမွှားများ သေစေသည့် ဆေးဖျန်းဘူးများ သုံးစွဲခြင်းသည်လည်း အဆုတ်နှင့် နှာဗူးကြောများကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေကြောင်း သိရသည်။

အင်တာနက်ကျန်းမာရေး

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

မှားနေလျှင် ပြင်ရုံသာ

နှင်းဦးခင်

လောကကြီးမှာ အမှားတစ်ခုကို အမှားလို့သိပြီး အသိမှန်၊ အမြင်မှန်ရကာ ပြောင်းလဲသွားခြင်းဟာ ကျွန်မတို့ လူသားတွေရဲ့ တိုးတက်မှု ဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မဖြစ်နိုင်တာကို ဖြစ်နိုင်တယ်။ မဟုတ်တာကို ဟုတ်တယ်လို့ထင်ပြီး အမှားကို အမှန်လို့ ယုံကြည်နေတာကတော့ လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် နစ်နာစေပါတယ်။ ဘယ်လိုအမှန်တရားဖြစ်ဖြစ် အမှန်တရားမှန်သမျှဟာ တန်ဖိုးရှိပါတယ်။ အမှန်တရားကို ရှာဖွေရင် ပကတိဘဝမှာသာ ရှာဖွေရမှာ ဖြစ်ပါတယ်။

စကားပုံတစ်ခုကြားဖူးပါတယ်။ Pride goes before a fall. မာနဟာ ကျဆုံးမှုရဲ့ ရှေ့တော်ပြေး ဖြစ်ပါသတဲ့။ ဒါကြောင့် အမှန်တရားကို ရှာဖွေရင် အတ္တစွဲနဲ့ မာန်မာနကင်းစွာ ရိုးရိုးသားသား ရှာဖွေရမယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ အတ္တအစွဲအလမ်းရှိသူနဲ့စာရင် အရိုးခံသက်သက် ပြည်သူတွေက အမှန်တရားနဲ့ ပိုပြီး နီးစပ်ပါသေးတယ်ဆိုတဲ့ ပညာရှင်များရဲ့ သွန်သင်ချက်လည်း ရှိပါတယ်။

လူတစ်ဦးတစ်ယောက်ရဲ့ ဆုံးဖြတ်ချက်အမှားဟာ သူနဲ့ အနီးအနားပတ်ဝန်းကျင်က လူအနည်းငယ်သာ ထိခိုက်နစ်နာစေနိုင်တာ ဖြစ်ပေမယ့် နိုင်ငံရေးအဖွဲ့အစည်း အင်အားတစ်ခုရဲ့ မှားယွင်းတဲ့ ရွေးချယ်မှုကတော့ နိုင်ငံနဲ့ချီပြီး ထိခိုက်သွားစေနိုင်ပါတယ်။ လက်နက်ကိုင် ဆူပူမှုလမ်းစဉ်ကို ရွေးချယ်သွားတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ဆုံးဖြတ်ချက်အမှားကြောင့် ပြည်သူတွေ ဒုက္ခရောက်ခဲ့ကြရတာ ပြည်သူတွေပဲ သိပါတယ်။

ဒီကနေ့ကာလဟာ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို မြန်မာနိုင်ငံကမဲပေးတဲ့ ပြည်သူအားလုံးရဲ့ ၉၂ဒသမ၄၈ရာခိုင်နှုန်းက ထောက်ခံအတည်ပြုပြီး ဒီမိုကရေစီ ပြည်သူ့အစိုးရတစ်ရပ် ပေါ်ထွန်းရေးအတွက် ဆောင်ရွက်နေချိန်မှာဖြင့် ပြည်တွင်းအဖျက်သမားများကတော့ ပကတိအမှန်တရားများကို မျက်စိစုံမှိတ် ကျောခိုင်းဆန့်ကျင်နေကြတာ တွေ့နေရပါသေးတယ်။

ဒီကနေ့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်လာရေးအတွက် ချမှတ်အကောင်အထည်ဖော်နေတဲ့ မူဝါဒလမ်းစဉ်(၇)ရပ်ကို ဆန့်ကျင်နေတဲ့ ပြည်တွင်းပြည်ပ အဖျက်သမားအချို့ ရှိနေပါသေးတယ်။ အဖျက်သမားများဟာ တပ်မတော်အစိုးရကို ငြိုးသူရန်ဘက်လို သဘောထားပြီး ပကတိအမှန်တရားတွေကို ကျောပေး ဆန့်ကျင်ဖီလာပြုနေကြပါတယ်။ မိမိတို့လုပ်ရပ်တွေဟာ ကောင်းကျိုးလား၊ ဆိုးကျိုးလား၊ အပြုပိုင်းလား၊ အဖျက်ပိုင်းလားဆိုတာ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ ပကတိဘဝမှာ အဖြေရှာဆင်ခြင်သင့်ပြီ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှနိုင်ငံ၊ အရှေ့မြောက်အာရှနဲ့ တောင်အာရှ နိုင်ငံတွေအကြားမှာ အချက်အချာကျတဲ့ ပထဝီအနေအထားကို ပိုင်ဆိုင်ထားပါတယ်။ နိုင်ငံတကာရေကြောင်းလမ်း၊ လေကြောင်းလမ်း၊ ကုန်းကြောင်းလမ်းများ ဆက်သွယ်ဆက်ဆံရာ လမ်းကြောင်းပေါ်မှာရှိတဲ့ နိုင်ငံပါ။ ကုန်းတွင်းပိတ် နိုင်ငံမဟုတ်ဘဲ ပင်လယ်ထွက်ပေါက်ရှိတဲ့အတွက် ပထဝီနိုင်ငံရေး (Geopolitics)အရ အလွန်အရေးပါလှတဲ့ အနေအထားကိုလည်း ပိုင်ဆိုင်ထားပါတယ်။ ဒါ့အပြင် ရေမြေသယံဇာတ၊ သစ်တော သယံဇာတ၊ ဓာတ်သတ္တု သယံဇာတများလည်း ပေါကြွယ်ဝပါတယ်။ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုကို စဉ်ဆက်မပြတ် ဖော်ဆောင်ထိန်းသိမ်းထားရှိနိုင်ပါတယ်။ ဒီလို ဝိသေသထူးတွေ ရှိတာကြောင့် ရဟန်းရှင်လူအပေါင်းက အမိမြေ အမိနိုင်ငံတော်ကို အလွန်မြတ်နိုး တန်ဖိုးထား လေးစားကြပါတယ်။ ဒါကြောင့်လည်း နိုင်ငံနဲ့လူမျိုး မပြိုကွဲ၊ မပျက်သုဉ်းအောင် ကာကွယ်စောင့်ရှောက်တည်ဆောက်နိုင်ခဲ့ပါတယ်။

ဒါ့ပြင် မြန်မာနိုင်ငံသားတို့ဟာ နှစ်ပေါင်းတစ်ရာကျော် ကိုလိုနီနယ်ချဲ့လက်အောက်တွင် နေထိုင်ခဲ့ရခြင်း၊ သုံးနှစ်သုံးမိုးခန့် ဖက်ဆစ်တို့လက်အောက်တွင် ကျရောက်ခဲ့ရခြင်းတို့ကြောင့် အဆိုးအကောင်းကို ကျိုးကြောင်း ဝေဖန်ဆန်းစစ်နိုင်စွမ်း ရှိနေကြပါတယ်။

မြန်မာနိုင်ငံဟာ အယူဝါဒအမျိုးမျိုး ကွဲပြားခြားနားမှုတွေကြောင့် အခက်အခဲ၊ အန္တရာယ်အဖုံဖုံနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့ နိုင်ငံဖြစ်ပါတယ်။ ယနေ့အထိတိုင်လည်း အန္တရာယ်စက်ကွင်းထဲ မရောက်ရောက်အောင် တွန်းပို့နေသူတွေ ရှိနေတာ တွေ့ရပါတယ်။

ပြည်ပပဩဇာခံအချို့နဲ့ ဆရာကြီးဖြစ်သူ နိုင်ငံအချို့ဟာ မြန်မာ့အရေးကို သာမန်နိုင်ငံ တစ်နိုင်ငံအပေါ် ရှုမြင်သလို အပေါ်ယံလေး ရှုမြင်သုံးသပ် အဖြေထုတ်လျှင် အမှားကြီးမှားမည်သာ ဖြစ်ပါတယ်။ ထိပ်တိုက်ရင်ဆိုင်ရေး၊ ဆူပူအုံကြွရေး၊ စီးပွားရေးပိတ်ဆို့ရေးလုပ်ရပ်များဟာ အတ္တအစွဲအလမ်းများကို အခြေခံတာမို့ အမှန်တရားနဲ့ဝေးကွာလှတဲ့ အဖျက်လုပ်ရပ်များသာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြေညာချက်အမှတ် ၇/၂၀၀၈ဖြင့် အတည်ပြုပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ အဲဒီနေ့ကစလို့ တည်ဆဲတပ်မတော်အစိုးရဟာ ဆန္ဒမဲပေးသူ ၉၂ ဒသမ ၄၈ရာခိုင်နှုန်းရဲ့ ယုံကြည်ကိုးစား ထောက်ခံမှုရရှိသော အစိုးရဖြစ်သွားပါပြီ။

ဝေဖန်ဆန်းစစ်နိုင်စွမ်းရှိသော ပြည်သူများက ယုံကြည်ကိုးစားထောက်ခံကြခြင်းမှာ ခိုင်လုံသောအကြောင်းများ ရှိနေပါတယ်။ အဲဒါတွေကတော့-

ယနေ့ နိုင်ငံတော်ကို ဦးဆောင်နေတဲ့ နိုင်ငံတော် အကြီးအကဲများဟာ ကိုယ့်နိုင်ငံရေးနဲ့ ပတ်သက်လာရင် အစအဆုံး အကုန်အစင် ကျေကျေညက်ညက် သိရှိနားလည်ထားပြီးသား ပုဂ္ဂိုလ်များဖြစ်ခြင်း၊ ပါလီမန်ဒီမိုကရေစီခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ တပ်မတော်အစိုးရခေတ်ဆိုတဲ့ ခေတ်သုံးခေတ်ကို ကိုယ်တိုင်ကြုံတွေ့ ရင်ဆိုင်ဖြတ်သန်းခဲ့သူများဖြစ်သလို လွတ်လပ်ရေးရပြီးခါစ ပြည်တွင်းရောင်စုံသောင်းကျန်းမှု၊ ကူမင်တန် တရုတ်ဖြူ ကျူးကျော်မှု၊ ပြည်တွင်းသောင်းကျန်းမှု အခြေအနေအမျိုးမျိုး၊ နိုင်ငံရေးအကွဲအပြဲ၊ အကျပ်အတည်း အခြေအနေ အမျိုးမျိုးကို ရင်ဆိုင်ဖြတ်သန်းကျော်လွှားခဲ့ကြဖူးသူများဖြစ်ခြင်း၊ နိုင်ငံရဲ့ လက်ရှိပကတိ အခြေအနေမှန်ကို သမိုင်းကြောင်းနဲ့ချီပြီး ကိုယ်တွေ့ အတွေ့အကြုံနဲ့ယှဉ်ပြီး အူမချေးခါးမကျန် သိရှိနားလည်ထားသူများဖြစ်ခြင်း၊ ဒီလိုသိရှိနားလည်ထားတဲ့ ကိုယ်တွေ့ အတွေ့အကြုံတွေကို အခြေခံပြီး ပြည်တွင်းပြည်ပမှ ဝိုင်းဝန်းနှောင့်ယှက်နေသည့် အကျပ်အတည်းအမျိုးမျိုးကြားက ပြည်တွင်းငြိမ်းချမ်းရေးကို ရယူနိုင်ပြီး နိုင်ငံနှင့်လူမျိုးအတွက် လမ်း၊ တံတား၊ ဆေးရုံ၊ ကျောင်း၊ ဆည်၊ တမံ စသည်ဖြင့် အကောင်းဆုံးတွေဖြစ်အောင် ပွဲကိုင်ဦးဆောင်နိုင်ခဲ့ခြင်း၊ နိုင်ငံနှင့် ပြည်သူအကျိုးရှိမည့် ကိစ္စများကို မည်သည့် ဖိအားပေးမှု၊ ပိတ်ဆို့မှုကြောင့်မျှ မပါဘဲ ကိုယ်ပိုင်ဆန္ဒဖြင့် လုပ်ဆောင်နေခြင်းဖြစ်သည်ကို ပြည်သူများက ကိုယ်တွေ့သိမြင်ခံစားရ၍ စံချိန်ကျိုးအောင် ထောက်ခံကြခြင်းပဲဖြစ်ပါတယ်။

ယနေ့မြန်မာနိုင်ငံတွင် ပြည်သူများ လိုလားတောင့်တနေသည့် ဒီမိုကရေစီ အရှည်တည်တံ့ခိုင်မြဲစွာ လက်တွေ့လိုက်နာကျင့်သုံး ဖော်ဆောင်နိုင်ရေးအတွက် တပ်မတော်အစိုးရက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အခိုင်အမာချမှတ်လျက် မဆုတ်မနစ်ဖော်ဆောင်ပေးနေကြောင်း မြန်မာပြည်သူပြည်သားများက သမိုင်းကြောင်းနှင့်ယှဉ်၍ ရှုမြင်သုံးသပ်ခံယူထားကြပါတယ်။

ပြည်တွင်းမှ အဖျက်သမားတွေက ပြည်သူတွေကြောက်လန့်အောင် ဗုံးခွဲ၊ ဆူပူ၊ ကောလာဟလလွှင့်၊ ကုန်ဈေးနှုန်းတက်အောင်၊ အလုပ်အကိုင်ပျက်အောင်လုပ်၊ နဂိုကမှ မချမ်းသာသေးတဲ့နိုင်ငံကို ပြာပုံထဲတွန်းချဖို့လုပ်ပြီး မြန်မာနိုင်ငံအပေါ် လူသားချင်းစာနာသည့် အကူအညီများ ဖြတ်တောက်ဖို့၊ စီးပွားရေးပိတ်ဆို့ဖို့တောင်းဆိုနေခြင်းတွေဟာ ကျွန်မတို့နဲ့ တစ်မြေတည်းဖွားတွေမှ ဟုတ်ပါလေစလို့ တွေးမိပါတယ်။ ပြည်တွင်း ပြည်ပအဖျက်သမားအင်အားစုတွေဟာ အမျိုးသားညီလာခံ ကျင်းပရေးကာလ၊ အခြေခံဥပဒေရေးဆွဲစဉ်ကာလ၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပစဉ်ကာလတစ်လျှောက်လုံးမှာလည်း ပြည်သူ့မျက်နှာ၊ ပြည်သူ့ဆန္ဒကိုမှ မထောက်ထားဘဲ ဖျက်လိုဖျက်ဆီးလုပ်နေကြတာ တွေ့ရပါတယ်။ တကယ်တမ်းနိုင်ငံနဲ့လူမျိုးကို တကယ်တမ်းချစ်တဲ့ နိုင်ငံရေးသမားကောင်းတွေဆိုရင် နိုင်ငံ့အကျိုး၊ ပြည်သူလူထုအကျိုးအတွက် မတားဆီး၊ မပိတ်ပင်ဘဲနဲ့ သူတို့ကိုယ်တိုင်တောင် တောင်းဆိုလုပ်ကိုင်ပေးသင့်တယ်လို့ ထင်ပါတယ်။

အလျဉ်းသင့်၍ ၁၅-၇-၂၀၀၈ရက်နေ့ (၀၅း၃၀)နာရီက ဗွီအိုအေ အသံလွှင့်ဌာနက ထုတ်လွှင့်ခဲ့တဲ့ ကမ္ဘာကျော် သက်ရှိထင်ရှား ပညာရှင်တွေထဲမှာ လူအလေးစားခံရဆုံး၊ အကိုးကားခံရဆုံးပုဂ္ဂိုလ် အသက်(၈၀)အရွယ်ရှိ ပါမောက္ခနွမ်းချွန်စကီးနဲ့ ဗန်ကောက်ပို့စ် သတင်းစာကြီးတို့ရဲ့ ဆက်သွယ်မေးမြန်းချက်ကို ဖောက်သည်ချပါရစေ။

ယူနိုက်တက်ကင်းဒမ်းနိုင်ငံက မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု ကြီးကြီးမားမားလုပ်ခဲ့တာ၊ အမေရိကန်နိုင်ငံက အစောပိုင်းက လက်နက်ရောင်းခဲ့တာ၊ အစ္စရေးနိုင်ငံက မကြာမီကပဲ လက်နက်ရောင်းခဲ့တာ၊ ရေနံ ရင်းနှီးမြှုပ်နှံမှုငွေတွေအဖြစ် ဒေါ်လာသန်းပေါင်းများစွာကို ရှယ်ဗရွန်ရေနံကုမ္ပဏီကြီးက ဆက်လက်ထောက်ပံ့နေတာတွေရဲ့ အကျိုးဆက်က ဘာလဲလို့မေးတဲ့အခါ နွမ်းချွန်စကီးက “အမေရိကန်၊ ဗြိတိန်၊ အစ္စရေးလုပ်ဆောင်ချက်တွေက မြန်မာအစိုးရကောင်းဖို့ ဖြစ်သွားတာပဲ”လို့ ဖြေပါတယ်။

ဒါဟာ ပြည်တွင်းအဖျက်သမားများရဲ့ ဆရာကြီးတွေ ကျင့်သုံးတဲ့ မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက် လုပ်ရပ်ပါပဲလို့ သိရမယ့်အချက် ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံ စီးပွားရေးကျပ်တည်းဖို့ တစ်ဖက်ကပိတ်ဆို့မယ်၊ တစ်ဖက်ကတော့ သူတို့အကျိုးစီးပွားအတွက်ဆိုရင် ရောင်းမယ်၊ ဝယ်မယ်။ ဒါပါပဲ။

နောက်မေးခွန်းက မြန်မာနိုင်ငံမှာ လူထုအုံကြွမှုအောင်မြင်နိုင်ပါသလား ဆိုတော့ နွမ်းချွန်စကီးက လူထုအုံကြွမှုဆိုတာ အလုပ်ဖြစ်လေ့မရှိတတ်ပါဘူးလို့ ဖြေသွားပါတယ်။ လူထုအုံကြွမှုဖြစ်စေအောင် သွေးထိုးမြှောက်ပင့်နေရင် မောရုံသာရှိပါမယ်။ မအောင်မြင်ဘူးဆိုတာ ကမ္ဘာကမြင်ပါတယ်။ မြန်မာတစ်နိုင်ငံလုံးကလဲ ဆူပူအုံကြွမှုကို ရွံချပါတယ်။

ပါမောက္ခနွမ်းချွန်စကီးက ဆက်လက်ဖြေကြားရာမှာ အကြမ်းမဖက်တဲ့ နည်းလမ်းတွေနဲ့ ပြဿနာကို နားလည်သင့်တယ်လို့ဆိုပါတယ်။ ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်နေကြမယ့်အစား အကြမ်းမဖက်တဲ့ နည်းလမ်းတွေနဲ့ ပြဿနာကို ဖြေရှင်းကြဖို့ပါ။

ဒါကြောင့် အဖျက်အင်အားစုအနေနဲ့ အနောက်နိုင်ငံအချို့က ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးတွေ အသံကျယ်ကျယ်အော်ပြီး တစ်ကမ္ဘာလုံးစားကောင်းခြင်း မစားရအောင်၊ နေကောင်းခြင်း မနေရအောင် မီဒီယာလက်နက်သုံးပြီး ဝါဒဖြန့်ဖိအားပေး၊ အကြမ်းဖက်တိုက်ခိုက်၊ စီးပွားရေးပိတ်ဆို့ အဲဒါတွေကို သံယောင်လိုက်ပြီး ထိပ်တိုက်ရင်ဆိုင်၊ ဆန့်ကျင်အုံကြွ ဖောက်ခွဲနေကြတာ အရင်းစစ်တော့ ဒါတွေနဲ့ ဒီမိုကရေစီလှေဘောင်ကို ထူထောင်လို့မရနိုင်ကြောင်း၊ မင်းမဲ့တိုင်းပြည်ဘဝကိုသာ တွန်းပို့သွားမှာဖြစ်ကြောင်း ပကတိမျက်စိနဲ့ ကြည့်မြင်သင့်ပါပြီ၊ အမှားကိုအမှားမှန်း သိသင့်ပါပြီ၊ မှားမှန်းသိ၍ ရပ်သင့်ပါပြီ။ ။

> **ပြည်ပပဩဇာခံအချို့နဲ့ ဆရာကြီးဖြစ်သူ နိုင်ငံအချို့ဟာ မြန်မာ့အရေးကို သာမန်နိုင်ငံ တစ်နိုင်ငံအပေါ် ရှုမြင်သလို အပေါ်ယံလေး ရှုမြင်သုံးသပ် အဖြေထုတ်လျှင် အမှားကြီး မှားမည်သာ ဖြစ်ပါတယ်။**

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၉

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်စဉ်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို (နဝမ)အကြိမ်မြောက်အဖြစ် ဩဂုတ် ၁၇ ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အမှတ် ၅၅ (အယ်လ်) ရန်ကုန်-အင်းစိန်လမ်းမကြီး (၁၃)ရပ်ကွက် လှိုင်မြို့နယ်ရှိ အသင်းတိုက်ရုံးခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များ၊ မြို့နယ်သူမြို့နယ်သားများ ကြွရောက်ကြရန်နှင့် သင်္ကန်းလှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဦးသန်းထွေး ဖုန်း-၆၅၀၁၉၇၊ ဒုတိယဥက္ကဋ္ဌ ဦးတင်ညို ဖုန်း-၂၁၄၅၉၀၊ အတွင်းရေးမှူး ဦးခင်မောင်ဇော် ဖုန်း-၆၆၂၅၀၇၊ ဘဏ္ဍာရေးမှူး ဦးပေါ်အေး ဖုန်း-၅၅၅၈၉၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

တရုတ်အရှေ့တောင်ပိုင်းဒေသများသို့ မုန်တိုင်းမွှေနှောက် လေယာဉ်ခရီးစဉ်များဖျက်သိမ်း၊ ရေလွှမ်းမှုများဖြစ်ပေါ်

ဖူကျို့ ဇူလိုင် ၂၉

တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ကမ်းရိုးတန်းဒေသသို့ ဇူလိုင်၂၉ရက် နံနက်က ဖန်ဝမ်မုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ရာ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ရေလွှမ်းမှုများဖြစ်ပေါ်ကာ နှစ်ဦးသေဆုံးခဲ့ကြောင်း တရုတ်နိုင်ငံ အမျိုးသားသဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။(အောက်ပုံ)

၄င်းမုန်တိုင်းသည် တစ်နာရီလျှင် ၁၁၉ ကီလိုမီတာနှုန်းဖြင့် ဝင်ရောက်တိုက်ခတ်ခဲ့ရာ ဖူကျန်ပြည်နယ်တွင် ဒေသခံ ၆၀၀၀၀၀ခန့် ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ ထို့အတူ ပင်လယ်ရှိငါးဖမ်းလှေများကို ဘေးကင်းရာသို့ ကမ်းကပ်စေခဲ့ပြီး လေယာဉ်ခရီးစဉ်အများအပြားကိုလည်း ရွှေ့ဆိုင်းခဲ့ရသည်။

ဖန်ဝမ်မုန်တိုင်းကြောင့် ဖူကျင်းမြို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေလွှမ်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့အပြင် ဖူကျို့ပြည်နယ်၌လည်း ၄င်းမုန်တိုင်းကြောင့် လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းခဲ့ရကြောင်းသိရသည်။

ဆော်လမွန်ကျွန်းကမ်းလွန်၌ အင်အားပြင်းငလျင်လှုပ်

ဝယ်လင်တန် ဇူလိုင် ၂၉

ပစိဖိတ်တောင်ပိုင်း ဆော်လမွန်ကျွန်းစု ကမ်းလွန်တွင် ဇူလိုင်၂၉ရက် နံနက် ဒေသစံတော်ချိန် ၉နာရီ မိနစ်၄၀က ရစ်ချ်တာစကေး ၆ဒသမ၁ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ကြောင်း အမေရိကန်နိုင်ငံ အမျိုးသားသဘာဝဘေးဆိုင်ရာရုံးက သတင်းထုတ်ပြန်သည်။

အဆိုပါ ငလျင်လှုပ်ခဲ့သည့်နေရာမှာ ဆော်လမွန်ကျွန်းစု ဟိုနီရာရာမြို့တော် အရှေ့တောင်ပိုင်း ဆန်ဘရစ်တိုဘယ်ကျွန်း အရှေ့ဘက်ကမ်းလွန်၌ လှုပ်ခဲ့ခြင်းဖြစ်သည်။ ၄င်းငလျင်ကြောင့် အိုးအိမ်များ အနည်းငယ်ပျက်စီးခဲ့ကြောင်း သိရသည်။

ကယ်လီဖိုးနီးယားပြည်နယ်၌ တောမီးလောင် သစ်တောဟက်တာတစ်သောင်းကျော် မီးဘေးသင့်

လော့စ်အိန်ဂျလိစ် ဇူလိုင် ၂၉

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် မြောက်ပိုင်းတွင် ဇူလိုင် ၂၉ရက် နံနက်မှစတင်ကာ တောမီးများ လောင်ကျွမ်းလျက်ရှိရာ သစ်တောဧရိယာ ဟက်တာ၁၀၅၃၀ခန့် မီးလောင်ကျွမ်းခံရကြောင်း၊ အမေရိကန်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံပြည်သူ ၂၀၀၀ခန့်ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ တောမီးလောင်ကျွမ်းမှုကြောင့် နေအိမ် ၃၀၀ခန့်မှ ဒေသခံများကို ကယ်ဆယ်ရေးဆောင်ရွက်ပေးထားပြီး ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ကယ်ဆယ်ရေးအဖွဲ့များက ပြောကြားသည်။

မီးလောင်ကျွမ်းနေစဉ် လေတိုက်ခတ်မှုနှုန်းမှာ တစ်နာရီလျှင် မိုင်၃၀နှုန်းခန့်ရှိပြီး မီးမှာဆက်လက်လောင်ကျွမ်းလျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့ အင်းစိန်ရွာမ အေးသိဒ္ဓိ (၁) လမ်း အမှတ်၈၈၉နေ ဒေါ်ခင်ရွှေ၏အသက် (၈၆)နှစ်ပြည့်မွေးနေ့ အလှူအဖြစ် ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါလမ်းမင်းကွန်း တိပိဋက ဆရာတော်ကြီး၏ တိပိဋက ရွှေရတု၊ ငွေရတု ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တကေသရိန္ဒထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တီ=နိ(ရန်ကုန်ဌာန) တွဲဖက်ဘဏ္ဍာတော်ထိန်း ဦးမောင်မောင်ကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးရာဌာနကြီး စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၉

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးရာဌာနကြီးကကြီးမှူးကျင်းပသော ဝါဆိုသင်္ကန်းကပ်လှူပွဲကို ယမန်နေ့ နံနက် ၉နာရီက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ဓမ္မစကြာ ပဋ္ဌိပတ်ရိပ်သာ၌ ကျင်းပရာ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဉာဏသာမိ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ သီလရှင် ဆရာကြီး၊ ဆရာလေးများ ကြွရောက်တော်မူကြပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ထွေးနှင့် ဌာနကြီးမှူးများ၊ ဘဏ္ဍာရေးရာဌာနမှ အဖွဲ့ဝင်များ၊ အတွင်းရေးမှူးအဖွဲ့နှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ရန်ကင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဆရာတော်ထံမှ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ဖွား ချီးမြှင့်တော်မူကြပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဒေါ်ခင်သက်ထွေး၊ စီမံရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်၊ ဘဏ္ဍာရေးရာ ဌာနကြီးမှူး ဒေါ်အေးအေး အမှူးပြုသော အဖွဲ့ဝင်များက ဆရာတော်၊ သံဃာတော်များနှင့် သီလရှင် ဆရာကြီးတို့အား ဝါဆိုသင်္ကန်း၊ သီလရှင်ဝတ်စုံ၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းပဒေသာပင် ငွေကျပ် သုံးသိန်းတို့ကို ဆက်ကပ်လှူဒါန်းကြသည်။(အပေါ်ပုံ)

ရေစက်သွန်းချအမျှဝေ

ယင်းနောက် ဆရာတော်က အနုမောဒနာတရား ချီးမြှင့်တော်မူပြီး ပရိသတ်များက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

တည်ခင်းဧည့်ခံ

ထို့နောက် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြပြီး ဧည့်ပရိသတ်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကိုယ်ကျင့်သီလရှိသူနှင့် မရှိသူတို့၏ ပြစ်ကျိုးပြတရားတော် အသံလွှင့်ဟောကြားမည်

ရန်ကုန် ဇူလိုင် ၂၉

၁၃၇၀ ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၁၅ရက် (ဩဂုတ် ၁ရက်) သောကြာနေ့ နံနက်၇နာရီတွင် မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်မှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် မွန်ပြည်နယ် မော်လမြိုင်မြို့ နတ်မော်ကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုမနက ကိုယ်ကျင့်သီလရှိသူနှင့် မရှိသူတို့၏ ပြစ်ကျိုးပြတရားတော်ကို အသံလွှင့် ဟောကြားတော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၃၀-၇-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**သတိပဋ္ဌာန်အခြေခံ ရှိခိုးဦးချနည်းသင် တရားတော်** (ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
၇း၅၀-၁း၅၀	Industrial Talk [ဒေါက်တာမျိုးမြင့်၊ ဦးတင်အောင်ရွှေ (သုတေသီ)]
၈း၂၀-၂း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၄၅-၂း၄၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ရင်ခုန်နှင်းဆီ**
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	အလှဆင်ပူဇော် ဘုရားမီးရောင်ခြည်တော်
၉း၅၀-၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅-၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀-၄း၀၀	**နောက်မကျရအောင်** မင်းသူ၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကြည်စိုး)
၁၀း၁၀-၄း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅-၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀-၄း၂၀	Midweek Sports News
၁၀း၃၅-၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀-၄း၄၀	မွေ့အန္တရာယ်နှင့် မြွေကိုက်ခံရလျှင် လိုက်နာဆောင်ရွက်သင့်သည့် အချက်များ (ပါမောက္ခ ဒေါက်တာ စောနောင်)
၁၁း၀၀-၅း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀-၅း၁၀	မင်းလှရေလှောင်တမံ
၁၁း၂၀-၅း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅-၅း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀-၅း၃၀	Teens Star (မိုးအောင်ရင်နှင့်တွေ့ဆုံခြင်း)
၁၁း၅၅-၅း၅၅	ကလေးများအတွက် နှိမ်နင်းကာကွယ် သွေးလွန်တုပ်ကွေး အန္တရာယ်
၁၂း၁၅-၆း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀-၆း၂၀	Myanmar Video Rhythm
၁၂း၄၅-၆း၄၅	လှပခံ့ထည် အလှဆင် ခေတ်မီတိုက်တာအသွင်
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်းနှင့် လိန်းလီကြိုးတံတား တည်ဆောက်ရေးလုပ်ငန်းများ
ဆောက်လုပ်ရေးဝန်ကြီးဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ယမန့်နေ့နံနက်ပိုင်းက နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်းတစ်လျှောက် လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ထိန်းသိမ်း

ဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ပျဉ်းမနား-ပင်လောင်း လမ်းအပိုင်းကို ဆောင်ရွက်လျက်ရှိသည့် လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ ၁၃၏ ကိုးကွေ့ရေတံခွန်လမ်း စခန်းရှင်းလင်း ဆောင်သို့ရောက်ရှိပြီး ဝန်ကြီးက နေပြည်တော်ပျဉ်းမနား ပင်လောင်း လမ်းကို လက်ရှိအဆင့်ထက် နိမ့်ကျမသွားအောင် ဆက်လက် ထိန်းသိမ်းသွားရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လမ်းတစ်လျှောက် ပြုပြင် ထိန်းသိမ်းဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီး အဆိုပါလမ်းပေါ်ရှိ လိန်းလီကျေးရွာအနီး လိန်းလီ ကြိုးတံတား တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိ၍ လုပ်ငန်းခွင် အတွင်း တံတားတိုင်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

အဆိုပါ လိန်းလီကြိုးတံတားသည် သံကူကွန်ကရစ်ကြမ်းခင်း၊ သံမဏိသံပေါင်ကြိုးတံတားအမျိုးအစားဖြစ်ပြီး ပင်မတံတားမှာ ပေ၁၀၀၀၊ ချဉ်းကပ်တံတားမှာ နေပြည်တော်ပျဉ်းမနားဘက်တွင် ပေ ၃၈၀နှင့် ပင်လောင်းဘက်တွင် ပေ ၃၈၀ရှိ၍ စုစုပေါင်း တံတား အရှည် ပေ၁၇၆၀ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၈ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိကာ ခွင့်ပြုယာဉ် အလေးချိန်မှာ ယာဉ်တစ်စီးချင်း ၇၅တန်ဖြစ်သည်။

ဆောင်ရွက်ပြီးစီး

ယခုအခါ နေပြည်တော်ပျဉ်းမနားဘက် ချဉ်းကပ်တံတားတိုင် သုံးတိုင်ရှိသည့်အနက် သုံးတိုင်လုံး ဆောင်ရွက်ပြီးစီးလျက်ရှိပြီး ပင်လောင်းဘက် ချဉ်းကပ်တံတားရှိ တံတားတိုင် ငါးတိုင်တွင် ငါးတိုင်လုံး ဆောင်ရွက်ပြီးစီးကာ ပင်မတံတား၏ ကြိုးထိန်းတိုင် T_1၌ဘိုးပိုင်၂၄လုံး ရှိသည့်အနက် ၁၀လုံး ဆောင်ရွက်ပြီးစီး၍ ကြိုးထိန်းတိုင် T_2၌ ဘိုးပိုင်၂၄လုံးရှိသည့်အနက် နှစ်လုံး ပြီးစီးကာ ကျန်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ သတ္တမအကြိမ်မြောက် ဝါတွင်း စုပေါင်းသွေးလှူဒါန်းပွဲကို ဩဂုတ်၉ရက်(စနေနေ့) နံနက်၈နာရီတွင် အဆိုပါ ဆေးရုံကြီး အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူနေကြသော သွေးလိုအပ်နေသည့် သံဃာတော်များ၊ သီလရှင်များအတွက်ရည်မှန်း၍ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များက စုပေါင်းသွေးလှူဒါန်းကြမည်ဖြစ်ရာ ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီးနှင့်အဖွဲ့က လက်ခံယူကြမည်ဖြစ်သည်။

စာရင်းပေးသွင်း

ပါဝင်လှူဒါန်းလိုသူများသည် လူကိုယ်တိုင် အဆိုပါဆေးရုံကြီးရှိ သံဃာတော်များ ပြင်ပလူနာဌာန၊ သီလရှင်များပြင်ပလူနာဌာန၊ လူပုဂ္ဂိုလ်များပြင်ပလူနာဌာန၊ ဆေးရုံ အုပ်ကြီးရုံးနှင့် အုပ်ချုပ်ရေးမှူးရုံးတို့တွင် စာရင်းပေးသွင်းနိုင်သည်။ တယ်လီဖုန်းဖြင့် ဆက်သွယ်စာရင်းပေးသွင်းလိုပါက အုပ်ချုပ်ရေးမှူးရုံးခန်း ဖုန်း-၅၄၁၇၉၅၊ ၅၄၅၇၈၂၊ ဆေးရုံအုပ်ကြီးရုံးခန်း ဖုန်း-၅၅၈၄၃၄၊ သီလရှင်ဆေးရုံ ဖုန်း-၅၄၂၇၀၆နှင့် လူပုဂ္ဂိုလ်များ ပြင်ပလူနာဌာန တာဝန်ခံ ဆရာဝန်ကြီးရုံး ဖုန်း-၅၅၂၅၄၂ တို့သို့ ဩဂုတ် ၇ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

ဇူလိုင် ၂၇ ရက်က အမက (၂၇) အင်းစိန် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် မြို့နယ် ဘက်စုံထူး ချွန် ဆု တတိယဆင့်ရရှိသူ စတုတ္ထတန်းမှ မဟန်ထက်ထက်ငြိမ်းကြည်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးစန်းက ဆုချီးမြှင့် ပေးစဉ်။ (မြန်မာ့အလင်း)

ကြည့်မြင်တိုင်စာပေနှင့်စာနယ်ဇင်းစည်းဝေး

ရန်ကုန် ဇူလိုင် ၂၉

ကြည့်မြင်တိုင်မြို့နယ် စာပေနှင့် စာနယ်ဇင်း စည်းရုံးရေး ကော်မတီ၏ နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစည်းအဝေးနှင့် စတုတ္ထအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲကို ဇူလိုင် ၂၀ရက် မွန်းလွဲ ၁နာရီက မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အစည်းအဝေး ခန်းမ၌ကျင်းပသည်။(ဝဲပုံ)

အစည်းအဝေးတွင် မြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်(ဇာဂရ-သရက်တော)၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၁)ဦးသန်းလှိုင် (တက္ကသိုလ်သခ်)နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဦးတို့က အမှာစကားပြောကြားကြပြီး မြို့နယ်အစီရင်ခံစာကို အတွင်းရေးမှူးဒေါ်ခင်စိုး(တက္ကသိုလ်ခင်စိုးဦး)နှင့် ဘဏ္ဍာရေး အစီရင်ခံစာကို ဘဏ္ဍာရေးမှူး ဒေါ်စိုးသူ(စိုးသူ-ပညာရေး)တို့က တင်ပြကြသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမောင်(ဇာဂရ-သရက်တော)က စတုတ္ထအကြိမ် ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေး အတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ ရွာသာကြီး ဘူတာပတ်ဝန်းကျင်၌ မိုးစပါး စိုက်ပျိုးထားမှုများကို ကြည့်ရှု စစ်ဆေးစဉ်။

(သတင်းစဉ်)

● ရှေ့ဖုံးမှ

ဘူတာရှင်းလင်းဆောင်၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရွာသာကြီးဘူတာ ပတ်ဝန်းကျင်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာနပိုင် မြေနေရာအကျယ်အဝန်းနှင့် အဆောက်အအုံများ ဆောက်လုပ်အသုံးပြုထားမှု အခြေအနေ၊ မြေလွတ်ဧရိယာများနှင့်မြေလွတ်ဧရိယာများ၌ မိုးစပါးစိုက်ပျိုးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မြေအခြေအနေ

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ဒဂုံမြို့သစ် လေးမြို့နယ် အတွင်း မိုးစပါး စိုက်ပျိုးနိုင်သည့် မြေအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရန်ကုန်တိုင်း၏ မိုးစပါးစိုက်ပျိုးနိုင်မှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ရွေးချယ်စိုက်ပျိုး

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က ဌာနပိုင်မြေများနှင့် စက်မှုဇုန်မြေများတွင် အလုပ်ရုံ၊ စက်ရုံများနှင့် အဆောက်အအုံများ ဆောက်လုပ်ခြင်းမရှိသေးသော မြေလွတ်မြေလပ်များကို အကျိုးရှိစွာ အသုံးချရေး၊ အဆိုပါ မြေများတွင် တစ်ဆက်တစ်စပ်တည်းရှိသော မြေများ၌ စက်များဖြင့် ထွန်ယက်စိုက်ပျိုး ရိတ်သိမ်းနိုင်သည့် မြေယာများအဖြစ် စီမံဆောင်ရွက်သွားရေး၊ မိုးစပါးအပါအဝင် တစ်နှစ်အနည်းဆုံး နှစ်သီးရအောင် စိုက်ပျိုးရေးနှင့် အထွက်နှုန်းကောင်းပြီး အရည်အသွေးကောင်းသည့် မျိုးများကို ရွေးချယ်စိုက်ပျိုးရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွာသာကြီး ဘူတာပတ်ဝန်းကျင်၌ မိုးစပါးစိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

လိုအပ်သည်များမှာကြား

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ပဲခူးမြစ် ကမ်းနားပတ်လမ်းရှိ ညောင်ပင်သာချောင်းရေတံခါးအနီး၌ မိုးစပါးစိုက်ပျိုးနေမှုများ၊ စိုက်ပျိုးပြီး စပါးခင်းအခြေအနေများကို လည်းကောင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၈)ရပ်ကွက်၌ မိုးစပါး စိုက်ပျိုးထားရှိမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြရာ သက်ဆိုင်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက မြို့နယ်များ အတွင်း မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ပဲခူးမြစ် ကမ်းနားပတ်လမ်းတစ်လျှောက်၌ မိုးစပါးစိုက်ပျိုး ထားမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် မော်လမြိုင်ကျွန်းမြို့နယ် ကြက်ရာကျေးရွာတွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ လှူဒါန်းပြီး တီဇက်တီအမ် ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်လျက်ရှိသော ကျေးလက်လူနေအိမ်များ ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(နယ်စပ်/စည်ပင်)

မော်လမြိုင်ကျွန်းမြို့နယ် ကြက်ရာကျေးရွာ၌ လူနေအိမ်များ တည်ဆောက်နေမှု နယ်စပ်/စည်ပင် ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၉

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် မော်လမြိုင်ကျွန်းမြို့တွင် အခြေပြုလျက် ဇူလိုင်၂၈ရက် နံနက်ဂနာရီခွဲတွင် မော်လမြိုင်ကျွန်းမြို့နယ် ကြက်ရာကျေးရွာသို့ရောက်ရှိပြီး မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ လှူဒါန်း၍ တီဇက်တီအမ် ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်လျက်ရှိသော ကျေးလက်လူနေအိမ်၁၅၀ တည်ဆောက်ရေးလုပ်ငန်းခွင်၌ ဆောက်လုပ်ပြီးစီးသော လူနေအိမ် ၄၀တွင် စတင်ပြောင်းရွှေ့နေထိုင်လျက်ရှိသည့် လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကား ပြောကြားသည်။

ဆောက်လုပ်ပြီးစီး

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း လေဘေးဒဏ်ကြောင့် အိုးအိမ်ပျက်စီးဆုံးရှုံးမှုအများဆုံးဖြစ်ခဲ့သော ကြက်ရာကျေးရွာအုပ်စု ကြက်ရာကျေးရွာအတွက် ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်မှ လူနေအိမ် ၁၅၀၊ ဆေးပေးခန်းတစ်လုံး၊ ရုံးတစ်ရုံး ဆောက်လုပ်ရန်လှူဒါန်းထားရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏ အစီအစဉ်ဖြင့် တီဇက်တီအမ် ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိပြီး လူနေအိမ် ၄၀ ဆောက်လုပ်ပြီးစီးနေပြီဖြစ်သည်။

ထို့နောက် ဝန်ကြီးသည် လူနေအိမ်များ၌ ပြောင်းရွှေ့နေထိုင်လျက်ရှိသော လေဘေးသင့်ပြည်သူများအတွက် အိမ်ထောင်စုအလိုက် ဆီ၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်များ၊ လူသုံးပစ္စည်းများ၊ ငါးသေတ္တာဘူးများနှင့် ခတ်ဆားထုပ်များကို ထောက်ပံ့ပေးအပ်သည်။

အကောင်အထည်ဖော်

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ လေဘေးဒဏ်ကြောင့် အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှု အများဆုံးဖြစ်ခဲ့သော ကြက်ရာ၊ ရှောက်ချောင်း၊ ကျားဟုန်း၊ နတ်မှူး၊ ကျွန်းချောင်းနှင့်လှိုင်းဘုန်းကျေးရွာ အုပ်စုတို့အတွက် နိုင်ငံတော်မှ လူနေအိမ် ၁၃၅၀ဆောက်လုပ်ရန် စီစဉ်ထားပြီး အမြန်ဆောက်လုပ် အကောင်အထည်ဖော်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သာသနာ့ဒီပ သဲအင်းဂူ ဝါတွင်းတရားစခန်း

ရန်ကုန် ဇူလိုင် ၂၉

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၁၆)ရပ်ကွက် သာသနာ့ဒီပသဲအင်းဂူ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်တွင် လစဉ်ကျင်းပလျက်ရှိသော အထူး အဓိဋ္ဌာန်၁၀ရက် တရားစခန်းကို ဩဂုတ်၂ရက်မှ၁၁ရက် (ဝါခေါင်လဆန်း ၁ရက်မှ ၁၀ရက်) အထိ မူလသဲအင်းဂူ ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဘဒ္ဒန္တမုနိန္ဒ (ကျိုက်ဝိုင်း)၊ ဘဒ္ဒန္တသိရိန္ဒ(သာသနာ့ဒီပ)၊ ဘဒ္ဒန္တကုဝေရ (သာသနာ့ဒီပ) ဆရာတော်ကြီးများက ဟောကြားပြသမည်ဖြစ်သည်။ တရားအားထုတ်လိုသူများ ဩဂုတ်၁ရက် (ဝါဆိုလကွယ်နေ့)ညနေ၅နာရီအရောက် လာကြရန်နှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲများကို အလှူရှင်များကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၇၀၉၈၉၁သို့ ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၁၂၅)

မှော်ဘီ အသောကကျောင်းတိုက် တရားစခန်းဖွင့်

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်း မှော်ဘီမြို့ ရှမ်းစု (၁)ရပ်ကွက် အသောကကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ကေလာသ(ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယက) မြေဇင်းတောရဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဝါခေါင်လဆန်း ၂ရက် (ဩဂုတ် ၃ရက်) မှ သီတင်းကျွတ်လဆန်း ၃ ရက် (အောက်တိုဘာ၂ရက်)အထိရက်ပေါင်း ၆၀ တရားစခန်းဖွင့်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများသည် ဆရာတော် ဖုန်း-၀၉-၅၀-၃၉၀၀၂၊ ဦးဖေသိန်း(မင်္ဂလာဈေး) ဖုန်း-၀၉-၅၀-၁၄၇၈၉ နှင့် ဒေါ်ချိုချိုအောင် ဖုန်း-၀၉-၅၀-၂၂၉၅၆တို့သို့ဆက်သွယ် နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် ဇူလိုင် ၂၉

စီးပွားရေးမြို့တော် ရန်ကုန်အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ် ခေတ်မီသစ်လွင်စေဖို့အကြောင်း ကိစ္စနှင့်ပတ်သက်၍ ပညာရှင်ကြီးများ၏ သုံးသပ်ချက်များစုံလင်စွာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ ၄၊ အမှတ် ၂၉ ထွက်ရှိလာသည်။

ယင်းအပြင် မြန်မာ့ထွက်ကုန်များကို အာဆီယံဒေသထွက်ကုန်အဖြစ် နိုင်ငံတကာသို့ ဖြန့်ကြက်တင်ပို့မည်၊ မြန်မာ့ငါးမြစ်ချင်းဘင်္ဂလားဒေ့ရှ် ဈေးကွက်သို့ အရှိန်မပျက်ဆက်လက်တင်ပို့ရေး ဘာတွေကြိုတင်ပြင်ဆင်မလဲ၊ မြန်မာနိုင်ငံ၏ နာဂစ်ဒဏ်မှ ရုန်းထနာလန်ထူမှုမှာ အံ့အားသင့်လောက်သည်ဟု ကိုယ်တိုင်သွားရောက်ခဲ့သည့် အမေရိကန်ဆေးအဖွဲ့ ခေါင်းဆောင်ချီးကျူး၊ စင်ကာပူပညာသင်ဆု မြန်မာကျောင်းသူတစ်ဦးရရှိ၊ နာဂစ်ကြောင့် ပတ်ဝန်းကျင်အနေအထားပြောင်းလဲ၍ ဆောင်းခိုငှက်နှင့်ဇီဝမျိုးကွဲငှက်များ သွားလာကျက်စားမှုကို ဘယ်လိုလေ့လာမလဲ၊ ရန်ကုန်မြို့နယ်အတွင်း ငွေကျပ် ၁၅၈၇သိန်းဖိုးခန့် ဖောက်ထွင်းခိုးယူသူ ဖမ်းဆီးရမိ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ ပညာနှင့်လူ့အဖွဲ့ အစည်းစသည့် ကဏ္ဍစုံလင်စွာဖြင့် ပြည်တွင်းရေးရာသတင်းများပါရှိသည်။

ကမ္ဘာတွင် ပထမဆုံးအဖြစ် အမှိုက်ဆွေးများမှ လောင်စာဆီထုတ်မည်၊ သတင်းစာများ အင်တာနက်မှ ဝင်ငွေရှာရန်လိုအပ်၊ အသက် ၉၁နှစ်တွင်မှ ဒဿနိကဗေဒ ဒေါက်တာဘွဲ့ရသူအကြောင်း၊ နှုတ်ခမ်းဆိုးဆေးသုံးသူများသတိထား၊ လင်းနို့က ထိုင်းလယ်သမားများအတွက် ဟင်းတစ်ခွက်၊ ရုပ်/သံ ဝန်ထမ်းများအား ပြန်ပေးဆွဲသည့် ဆယ်ကျော်သက်နှစ်ဦးအား ဖမ်းမိ၊ မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ ပြောရဦးမယ်သူတို့ကဒီလိုတဲ့ ဖျော်ဖြေရေးကဏ္ဍစသည်ဖြင့် စီးပွားရေး၊ ကျန်းမာရေး၊ နည်းပညာကဏ္ဍစုံလင်စွာပါရှိသည်။

(သတင်းစဉ်)

* ကျောဖုံးမှ

အသင်းဝင် သတင်းထောက်များ စုစုပေါင်း ၁၄၈ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ရဟတ်ယာဉ်ခြောက်စင်းဖြင့် အဖွဲ့ သုံးဖွဲ့ခွဲကာ ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများသို့ သွားရောက်ကြပြီး ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ လေ့လာရေးအဖွဲ့(၁)သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရဟတ်ယာဉ်နှစ်စင်းဖြင့် ထွက်ခွာလာကြရာ ဧရာဝတီတိုင်း လပွတ္တာမြို့သို့ နံနက် ၉နာရီတွင် ရောက်ရှိကြသည်။

ပြန်လည်ဖြေကြား

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များအား လပွတ္တာမြို့ရှိ ဘုရင့်နောင်ရိပ်သာ၌ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးဟန်က လပွတ္တာမြို့သို့ ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် ရဟတ်ယာဉ်ပေါ်မှ လယ်မြေများ ထွန်ယက်စိုက်ပျိုးပြီးစီးမှုနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုလေ့လာကြပြီး ဆက်လက်ထွက်ခွာလာကြရာ ပြင်စလူမြို့ သိပ္ပံကုန်းကြီးကျေးရွာသို့ ရောက်ရှိကြသည်။

ယင်းနောက် ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ လေ့လာရေးအဖွဲ့ဝင်များအားကျေးရွာမှ တာဝန်ရှိသူများက ကျေးရွာပြန်လည်တည်ဆောက် ပြီးစီးမှုနှင့် လယ်မြေများ ထွန်ယက် စိုက်ပျိုးပြီးစီးမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ရေသန့်စင်စက်

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် သိပ္ပံကုန်းကြီးကျေးရွာတွဲဖက် အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းသား ကျောင်းသူများ စာပေသင်ကြားနေမှုနှင့် အပြည်ပြည်ဆိုင်ရာ လူမှုရေးဌာနမှ အထူးကု ဆရာဝန်ကြီးများအဖွဲ့နှင့် ပြည်သူ့ကျန်းမာရေးအဖွဲ့တို့က လူနာများအားဆေးဝါးကုသပေးနေမှုများကိုလည်းကောင်း၊ ဘိုကလေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ကျောင်းသားကျောင်းသူများ ပညာသင်ယူနေမှုကို လည်းကောင်း၊ မြို့တွင်းရှိ အဆောက်အအုံများ ပြန်လည်တည်ဆောက်ထားမှုနှင့် မြို့ဖွံ့ဖြိုးတိုးတက်မှု အခြေအနေတို့ကိုလည်းကောင်း လှည့်လည် ကြည့်ရှုလေ့လာကြသည်။

ရှင်းလင်းပြသ

ထိုမှတစ်ဆင့်လေ့လာရေးအဖွဲ့ဝင်များသည် ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြပြီး နိုင်ငံတော်အစိုးရက စနစ်တကျ အကွက်ချတည်ဆောက်ပေးထားသော ကြိမ်ချောင်းကြီးစံပြကျေးရွာသစ်ရှိ လူနေအိမ်များ၌ လေဘေးသင့် မိသားစုအလိုက် နေထိုင်နေမှုများကို လိုက်လံကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ များ ဆောင်ရွက်ပေးမှု အခြေအနေများကို ဗီဒီယိုမှတ်တမ်း၊ ဓာတ်ပုံမှတ်တမ်းတို့ဖြင့် ရှင်းလင်းပြသကြပြီး လေ့လာရေးအဖွဲ့ဝင်များ၏ သိလိုသည်များကို ပြန်လည်ဖြေကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် အစည်းအဝေးခန်းမ၌ ခင်းကျင်းပြသထားသည့် ဖျာပုံမြို့နယ်အတွင်း နိုင်ငံတကာမှ အကူအညီပေးရေးအဖွဲ့များ၏ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။

အင်ဂျင်စက်များကြည့်ရှု

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင်များသည် ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖျာပုံမြို့ တစ်ဖက်ကမ်း ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ ဧရာဝတီတိုင်းလေဘေး ပြန်လည်တည်ဆောက်ရေးလှေတည်ဆောက်ရေးစခန်းသို့ သွားရောက်ကြပြီး ဦးချွန်း၊ ပဲ့ချွန်း ၂၂ပေ သွားရောက်ကြ၍ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဆပ်ကော်မတီ၏ ဆေးခန်းနှင့် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု လေ့လာကြပြီး ဒေးဒရဲမြို့အတွင်းရှိအဆောက်အအုံများပြန်လည်ပြုပြင် တည်ဆောက်ထားမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှု လေ့လာကြသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဒေးဒရဲမြို့နယ် ကျူဒါးကျေးရွာသို့ ရောက်ရှိကြပြီး ဒေင်အုပ်စုကုမ္ပဏီက ဆောက်လုပ်လှူဒါန်းသည့် လေဘေးသင့်ပြည်သူများအတွက် တည်ဆောက်ပေးထားသော အိမ်ရာများကို ကြည့်ရှုလေ့လာကြသည်။

အိမ်ရာများကြည့်ရှု

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဒေးဒရဲမြို့နယ် တိုးရွာသို့ ရောက်ရှိကြပြီး ဒေင်အုပ်စုကုမ္ပဏီက ဆောက်လုပ်လှူဒါန်းသည့် လေဘေးသင့်ပြည်သူများအတွက် တည်ဆောက်ပေးထားသော အိမ်ရာများကို ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ကြည့်ရှုလေ့လာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌနှင့် အသင်းဝင် သတင်းထောက်များ ပါဝင်သော လေ့လာရေးအဖွဲ့ဝင်များ ဘိုကလေးမြို့ ပြည်သူ့ဆေးရုံတွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

မုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုနှင့် ပျက်စီးဆုံးရှုံးမှုအခြေအနေ၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ ရိက္ခာ၊ မျိုးစပါး၊ လက်တွန်းလယ်ထွန်စက်နှင့် ခိုင်းကျွဲ၊ ခိုင်းနွားများဖြည့်ဆည်းပံ့ပိုးပေးမှုအခြေအနေ၊ လယ်မြေများ ထွန်ယက်စိုက်ပျိုးပြီးစီးမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြပြီးလေ့လာရေးအဖွဲ့ဝင်များ၏ သိလိုသည်များကို ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင်များသည် လပွတ္တာမြို့နယ် ပြင်စလူမြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြပြီး ယာယီရှင်းလင်းဆောင်၌ လေ့လာရေးအဖွဲ့ဝင်များအား ပြင်စလူမြို့ အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်းက ပြင်စလူမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောက်လုပ်ပြီးနေအိမ်များ၌ လေဘေးသင့်ပြည်သူများအား နေရာချထားပြီးစီးမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး လေ့လာရေးအဖွဲ့ဝင်များ၏ သိလိုသည်များကို ပြန်လည်ဖြေကြားသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည်ဆောက်လုပ်ပြီးနေအိမ်များ၌ လေဘေးသင့်ပြည်သူများအား နေရာချထားပေးမှုကို လှည့်လည် ကြည့်ရှုလေ့လာကြသည်။

အဖွဲ့အစည်းတစ်ခုဖြစ်သည့် ADRA က ကျောင်းသူလေးများ အတွက် တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများ ပေးအပ်လှူဒါန်းနေမှုကိုလည်းကောင်း၊ ADRA က လှူဒါန်းသည့် ရေသန့်စင်စက်ကို လည်းကောင်း ကြည့်ရှုလေ့လာကြပြီး ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

လေ့လာရေးအဖွဲ့(၂)

အလားတူ လေ့လာရေးအဖွဲ့(၂)သည် ဘိုကလေးမြို့သို့ နံနက် ၉နာရီတွင်ရဟတ်ယာဉ်နှစ်စင်းဖြင့်ရောက်ရှိကြပြီး လေဘေးကယ်ဆယ်ရေးကွပ်ကဲမှုရုံး၌ဘိုကလေးမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိန်းက မုန်တိုင်းဒဏ်ကြောင့် မြို့နယ်အတွင်း ပျက်စီးဆုံးရှုံးခဲ့ရမှု၊ ကယ်ဆယ်ရေးနှင့် နေရာချထားရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ထောက်ပံ့ရေးပစ္စည်းများရရှိထောက်ပံ့နိုင်မှုနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး လေ့လာရေးအဖွဲ့ဝင်များ၏ သိရှိလိုသည်များကိုပြန်လည်ဖြေကြားသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် ဘိုကလေးမြို့ ပြည်သူ့ဆေးရုံရှိ ပြင်ပလူနာဌာနနှင့် လူနာဆောင်များ၌ ကျန်းမာရေးဝန်ကြီး ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင်များသည် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြပြီး နိုင်ငံတော်အစိုးရက အကွက်ချ တည်ဆောက်ပေးထားသော လူနေအိမ်များတွင် လေဘေးသင့် မိသားစုများ စနစ်တကျ နေထိုင်မှုတို့ကို လိုက်လံ ကြည့်ရှုလေ့လာကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် စက်ဆန်းကျေးရွာမှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး လမ်းတစ်လျှောက်ရှိ လေဘေးသင့်မြို့ရွာများပြန်လည်တည်ဆောက်ထားမှုများ၊ လယ်ယာလုပ်ငန်းနှင့် ရေလုပ်ငန်း လုပ်ကိုင် ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုလေ့လာကြပြီး မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

လေ့လာရေးအဖွဲ့(၃)

ထို့အတူ လေ့လာရေးအဖွဲ့(၃)သည်ရဟတ်ယာဉ်နှစ်စင်းဖြင့်ထွက်ခွာလာကြရာ နံနက် ၈နာရီ ၄၅မိနစ်တွင် ဖျာပုံမြို့သို့ ရောက်ရှိကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့ဝင်များအားအမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ဒေသခံတပ်နယ်မှ ဗိုလ်မှူးကြီး စန်းမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ယင်းနောက် ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ လေ့လာရေးအဖွဲ့ဝင်များအားဖျာပုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဦးလွင်က မုန်တိုင်းဒဏ်ကြောင့် ဖျာပုံမြို့နယ်အတွင်း ထိခိုက်ပျက်စီးခဲ့မှု၊ ကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်း ငါးဖမ်းစက်လှေများ တည်ဆောက်နေမှု၊ ငါးဖမ်းပိုက်များနှင့် ငါးဖမ်းစက်လှေ၌ တပ်ဆင်မည့် အင်ဂျင်စက်များ ခင်းကျင်းပြသထားမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဖျာပုံမြို့နယ်အတွင်းရှိ အဆောက်အအုံများ ပြန်လည် ပြုပြင်တည်ဆောက်ထားမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြပြီး ဖျာပုံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသားကျောင်းသူများ၏ စာသင်ကြားနေမှုနှင့် ကျောင်းအဆောက်အအုံအား ပြန်လည်ပြုပြင်ထားရှိမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

ဒေးဒရဲမြို့

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဒေးဒရဲမြို့သို့ ရောက်ရှိကြပြီး ဒေးဒရဲမြို့ အမှတ်(၂)ရပ်ကွက် မြကန်သာကွက်သစ်၌ လေဘေးသင့်ပြည်သူများအတွက် အိမ်ရာများ တည်ဆောက်ထားမှုကို ကြည့်ရှု လေ့လာကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် ဒေးဒရဲမြို့ ပြည်သူ့ဆေးရုံသို့

မြန်အောင် နေခြည်ဈေး သန့်ရှင်းရေးဆောင်ရွက်

မြန်အောင် ဇူလိုင် ၂၉

မြန်အောင် မြို့မ နေခြည်ဈေး သန့်ရှင်းရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေး လုပ်ငန်းများကို ဇွန် ၁၆ရက်က ဦးစီးအရာရှိ ဦးမြင့်သန်းနှင့် ဈေးဝန်ထမ်းများ ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးက ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဇူလိုင် ၂၉

၂၀၀၈ခုနှစ် ဒုတိယအကြိမ်မြောက် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ (က)အုပ်စု ပတ်လည်ပွဲစဉ်များကို ယနေ့ညနေ ၃ နာရီခွဲက ဆက်လက်ကျင်းပရာ နေပြည်တော်ဘောလုံးကစားကွင်း အမှတ်(၂)၌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအသင်းနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပေါင်းလောင်းဘောလုံးကစားကွင်း၌ ပညာရေးဝန်ကြီးဌာနအသင်းနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိ သရေပွဲ ဖြစ်သွားသည်။

ဇူလိုင် ၃၀ရက်(ဗုဒ္ဓဟူးနေ့) နေပြည်တော် ဘောလုံးကစားကွင်း အမှတ်(၂)၌ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်း၊ ပေါင်းလောင်းဘောလုံးကစားကွင်း၌ ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းနှင့် တရားရုံးချုပ်အသင်းတို့ (ခ)အုပ်စုပွဲစဉ်များအဖြစ် ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာကဗျာရေစီး (ဂန္ထဝင်+ခေတ်ပေါ်ကဗျာများ) စာအုပ်ထုတ်ဝေ

ရန်ကုန် ဇူလိုင် ၂၉

မြန်မာကဗျာရေစီး(ဂန္ထဝင်+ခေတ်ပေါ်ကဗျာများ) အမည်ဖြင့် ကဗျာစာအုပ် ထုတ်ဝေပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် စာပေဗိမာန် အနီးရှိ ဇင်မင်းအောင် လက်ဖက်ရည်ဆိုင်၌ ကျင်းပရာ ဦးစိုးညွန့် (ကဗျာစာဆိုဆရာကြီး ဒေါက်တာထီလာစစ်သူ)က **'မြန်မာ့ကဗျာသမိုင်းနှင့် ခေတ်ပေါ်ကဗျာများ'** အကြောင်းကို ဟောပြောဆွေးနွေးသည်။

ယင်းနောက် စီစဉ်သူ မင်းရိုးယဉ်က စာအုပ်ထုတ်ဝေရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုထုတ်ဝေသော စာအုပ်တွင် ဂန္ထဝင်ကဗျာခြောက်ပုဒ်နှင့် ခေတ်ပေါ်ကဗျာများ ပါဝင်သည်။

(သတင်းစဉ်)

အုတ်ဖိုမြို့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ

ရန်ကုန် ဇူလိုင် ၂၉

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် အုတ်ဖိုမြို့တွင် (ဇူလိုင် ၁၇ရက်) ဝါဆိုလပြည့်နေ့ နံနက်အရုဏ်တွင် အုတ်ဖိုမြို့ပေါ်ရှိ သံဃာအားလုံးအား ပင့်ဖိတ်၍ အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီးနောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)နှင့် ရန်ကုန် ထရန်စဖော်မာ ကုမ္ပဏီတို့မှ ပါဝင်ကာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ အရန်မီးသတ်တပ်ဖွဲ့ရုံးတွင် ဘုရားအနေကဇာတင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တွင်မိုးသက်လေပြင်းကျရောက်နိုင်

ရန်ကုန် ဇူလိုင် ၂၉

ဇူလိုင် ၂၈ရက်က ကမ္ဘာ့နိုင်ငံများ၏ မိုးလေဝသအခြေအနေလေ့လာကြည့်ပါက ရိုမေးနီးယားနိုင်ငံ အရှေ့မြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် ရေလွှမ်းမှုများဖြစ်ပေါ်ခြင်း၊ တရုတ်နိုင်ငံအရှေ့ပိုင်းကမ်းရိုးတန်း၌ ဖန်ဝမ်မုန်တိုင်း တိုက်ခတ်မှုဖြစ်ပေါ်ခြင်း၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ အိန္ဒိယနိုင်ငံတို့တွင် လေပြင်းများတိုက်ခတ်ခြင်းများဖြစ်ပေါ်ခဲ့သည်။

ဇူလိုင် ၂၉ရက်က မြန်မာနိုင်ငံ ပြည်နယ်/တိုင်းများ၏ မိုးလေဝသအခြေအနေကို လေ့လာကြည့်ပါက မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့၌ နေရာကွက်၍ မိုးကြီးခဲ့သည်။ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးရွာသွန်းခဲ့ပြီး ကယားပြည်နယ်၌ နေရာကျဲကျဲမိုးရွာခဲ့သည်။ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာသွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့သည်။

ဇူလိုင် ၂၉ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

မော်လမြိုင်	၈ ဒသမ ၁၁ လက်မ
ကော့ကရိတ်	၅ ဒသမ ၇၁ လက်မ
မုဒုံ	၅ ဒသမ ၂၈ လက်မ
သထုံ	၅ ဒသမ ၁၂ လက်မ
ဇန်းမော်	၅ ဒသမ ၀၀ လက်မ
ခရမ်း	၄ ဒသမ ၉၂ လက်မ
သံတွဲ	၂ ဒသမ ၂၈ လက်မ
ဘားအံ	၂ ဒသမ ၇၂ လက်မ

ဇူလိုင်၃၀ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်မူ မိုးအသင့်အတင့် ရွာမည်ဖြစ်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

လှိုင်းကြီးနိုင်

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား- မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

ချန်ပီယံအသစ်ထွက်ပေါ်လာမလား၊ ချန်ပီယံဟောင်းတွေပဲ ထပ်မံဗိုလ်စွဲနိုင်မလား စောင့်ကြည့်ရမည့် ပြည်နယ်နှင့်တိုင်း အမျိုးသမီး ဘောလုံးပြိုင်ပွဲ

သတင်းမှတ်စုနှင့်ဓာတ်ပုံမှတ်တမ်း - ဖိုးသော်ဇင်　　စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၂၉

၂၀၀၈ခုနှစ် (၁၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲကို ရန်ကုန်မြို့တွင် ကျင်းပခဲ့သည်မှာ ယခုဆိုလျှင် အကြိုဗိုလ်လုပွဲအဆင့်သို့ ရောက်ရှိနေပြီ ဖြစ်သည်။ ဇူလိုင် ၃၀ရက်(ယနေ့) နှင့် ၃၁ရက်တွင် အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ကျင်းပမည်ဖြစ်ရာ ပထမအကြိုဗိုလ်လုပွဲအဖြစ် လက်ရှိချန်ပီယံ ရန်ကုန်တိုင်း အသင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်း၊ ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် မန္တလေးတိုင်းအသင်းနှင့် ဧရာဝတီတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

စတင်ကစားခဲ့

ပြည်နယ်နှင့်တိုင်း အမျိုးသမီးပြိုင်ပွဲကို ဇူလိုင် ၁၃ရက်မှစ၍ ကျင်းပခဲ့ပြီး ပထမအဆင့် အုပ်စုပွဲစဉ်များကို ဇူလိုင် ၁၃ရက် မှ ၂၁ရက်အထိ၊ ဒုတိယအဆင့် အုပ်စု ပွဲစဉ်များကို ဇူလိုင် ၂၃ရက်မှ

"အကောင်းဆုံး အနေအထားရှိနေ၍ ဒိုင်းဆုကြီးကို (၁၀)ကြိမ်မြောက် ဆွတ်ခူးနိုင်မည်ဟု ယုံကြည်ပါတယ်"
ဦးဝင်းစိန်
ရန်ကုန်တိုင်းနည်းပြချုပ်

၂၈ရက်အထိ ကျင်းပခဲ့သည်။ ဒုတိယ အုပ်စုပွဲစဉ်များအပြီးတွင် (ကက)အုပ်စု၌ ရန်ကုန်တိုင်းက အုပ်စုပထမ၊ ဧရာဝတီတိုင်းက အုပ်စုဒုတိယ၊ (ခခ)အုပ်စု၌ မန္တလေးတိုင်းက အုပ်စုပထမ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)က အုပ်စုဒုတိယ တို့ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာခြင်း ဖြစ်သည်။

အကြိုဗိုလ်လုပွဲသို့ ပထမဦးဆုံး တက်ရောက်လာသော ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီး ဘောလုံးအသင်း။
(မြန်မာ့အလင်း)

ရေပန်းစား

ပြည်နယ်နှင့် တိုင်း အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဆု ကိုးကြိမ်ရရှိပြီး အအောင်မြင်ဆုံး အသင်းအဖြစ် ရပ်တည်နေသည့် ရန်ကုန်တိုင်းအသင်းမှာ ယခုပြိုင်ပွဲတွင် ထပ်မံဗိုလ်စွဲရန် ရေပန်းစားလျက်ရှိသည်။ မြန်မာ့လက်ရွေးစင်ဟောင်း သီတာကြည်၊ မာလာဝင်း၊ ငြိမ်းငြိမ်းအိစသည့် ကစားသမားများ ပါဝင်နေသည့် ရန်ကုန်တိုင်းအသင်းမှာ ယခုပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် ရှုံးပွဲမရှိသေးသကဲ့သို့ ဂိုး ၇၀သွင်းကာ ဂိုးအများဆုံးသွင်းယူထားပြီး ပေးဂိုးလည်း တစ်ဂိုးမှ မရှိသေးပေ။ ရန်ကုန်တိုင်းအသင်းမှာ ပထမအဆင့်အုပ်စုတွင် ကရင်ပြည်နယ်ကို ၁၄ဂိုး-ဂိုးမရှိ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ကို ၂၁ဂိုး-ဂိုးမရှိ၊ မကွေးတိုင်းကို ၁၁ဂိုး-ဂိုးမရှိ၊ ဒုတိယအဆင့်အုပ်စုတွင် စစ်ကိုင်းတိုင်းကို ၁၄ဂိုး-ဂိုးမရှိ၊ ပဲခူးတိုင်းကို ရှစ်ဂိုး-ဂိုးမရှိ၊ ဧရာဝတီတိုင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ရှုံးပွဲမရှိ

ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းမှာလည်း ပြိုင်ပွဲတစ်လျှောက် ရှုံးပွဲမရှိဘဲ အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။ အမြင့်ဆုံး ကွာတားဖိုင်နယ်အဆင့်သာ ရောက်ရှိဖူးသည့် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းမှာ အကြိုဗိုလ်လုပွဲသို့ ပထမဦးဆုံးအကြိမ် ရောက်ရှိလာခြင်းမှာ အောင်မြင်မှုတစ်ခုဟု ဆိုရမည် ဖြစ်သည်။ လူငယ်ကစားသမားအများစုဖြင့် ဖွဲ့စည်းထားပြီး ငယ်ဂုဏ်စိတ်ဓာတ်တို့ဖြင့် ပြိုင်ပွဲဝင်ခဲ့သည့် ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းမှာ ပထမအဆင့်အုပ်စုတွင် ရခိုင်ကို ၁၀ဂိုး-ဂိုးမရှိ၊ မွန်ပြည်နယ်ကို ငါးဂိုး-ဂိုးမရှိ၊ ပဲခူးကို သုံးဂိုး-နှစ်ဂိုးတို့ဖြင့် အနိုင်ရကာ အုပ်စုပထမရရှိခဲ့ပြီး ဒုတိယအဆင့် အုပ်စုတွင် မကွေးတိုင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ကာ၊ ကချင်ပြည်နယ်နှင့် ဂိုးမရှိ

"ဗိုလ်လုပွဲသို့ တက်ရောက်ပြီး အောင်မြင်မှုရရှိရန်မှာ မိမိတို့အသင်း၏ အဓိကရည်မှန်းချက်ဖြစ်ပါတယ်"
ဦးတင်ငြိမ်း
ဧရာဝတီတိုင်းနည်းပြ

ဒုတိယအဆင့် အုပ်စုပတ်လည် အဆင့်တွင် (ခခ)အုပ်စုပွဲ အဖြစ် ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းနှင့် မန္တလေးတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (မြန်မာ့အလင်း)

သရေ၊ မန္တလေးနှင့် တစ်ဂိုးစီသရေကျကာ အုပ်စုဒုတိယဖြင့် တက်ရောက်လာခြင်းဖြစ်သည်။

ရန်ကုန်တိုင်း

ရန်ကုန်တိုင်းအသင်း နည်းပြချုပ် ဦးဝင်းစိန် (မြန်မာ့လက်ရွေးစင်ဟောင်း)က "မိမိတို့အနေဖြင့် အောင်မြင်မှုအစဉ်အလာကို ဆက်လက်ထိန်းသိမ်းနိုင်အောင် ကြိုးစားလျက်ရှိပါကြောင်း၊ ပထမအဆင့်အုပ်စုနှင့် ဒုတိယအဆင့်အုပ်စုတို့တွင် ပွဲတိုင်း အနိုင်ရခဲ့ပြီး ဧရာဝတီတစ်သင်းသာ ခက်ခက်ခဲခဲ ကစားခဲ့ရကြောင်း၊ အသင်းတွင် လက်ရွေးစင်ဟောင်း သုံးဦး၊ လူငယ်လက်ရွေးစင် သုံးဦးပါဝင်ပြီး ကျန်ကစားသမားများမှာလည်း ယခင်ပြိုင်ပွဲများတွင် ကစားခဲ့သူများဖြစ်ပါကြောင်း၊ ဝါရင့် တိုက်စစ်မှူး သီတာကြည်ဆိုရင်လည်း အသက်(၄၃)နှစ်ကျော်ပြီဖြစ်သော်လည်း ရန်ကုန်တိုင်းအတွက် သစ္စာရှိစွာ ကစားပေးဆဲ ဖြစ်ပါကြောင်း၊ ပြင်ဆင်ချိန်တစ်လကျော်ရရှိပြီး ကစားသမားများမှာလည်း အကောင်းဆုံး အနေအထားရှိနေကြ၍ ဒိုင်းဆုကြီးကို (၁၀) ကြိမ်မြောက် ဆွတ်ခူးနိုင်မည်ဟု ယုံကြည်ပါကြောင်း"ဖြင့် မြန်မာ့အလင်းသို့ ပြောကြားသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)

ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်း နည်းပြ ဦးရဲလွင်(အောင်ပန်း)က "ပြိုင်ပွဲတစ်လျှောက် အကြိုဗိုလ်လုပွဲသို့ ပထမဦးဆုံး တက်ရောက်နိုင်ခဲ့ခြင်းမှာ ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းအတွက် အောင်မြင်မှုတစ်ခုပင်ဖြစ်ပါကြောင်း၊အကြိုဗိုလ်လုပွဲရောက်အသင်းများတွင် မိမိတို့အသင်းမှာ အားအနည်းဆုံးဖြစ်သော်လည်း ရလဒ်ကောင်းများရရှိအောင် ကြိုးစားသွားမည်ဖြစ်ပါကြောင်း၊ အသင်းမှာ အား/ကာသိပ္ပံ(မန္တလေး)တွင် တက်ရောက်နေသော ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ကစားသမား

"ပြိုင်ပွဲတစ်လျှောက် ဒုတိယ ခြောက်ကြိမ်ရထားပြီး ယခုနှစ်တွင် ပထမဒိုင်းဆုကြီးရအောင် ကြိုးစားသွားပါမယ်"
ဦးစိုးကြည်
မန္တလေးတိုင်းအသင်းအုပ်ချုပ်သူ
လ/ထ ညွှန်ကြားရေးမှူး အား/ကာ

များနှင့် ပြည်နယ်မှ ကစားသမားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ လေ့ကျင့်ချိန် တစ်ပတ်ကျော်သာရရှိပြီး ကစားသမားများ၏ အသက်မှာလည်း ပျမ်းမျှ ၁၉နှစ်ဝန်းကျင်သာရှိပါကြောင်း၊ ကစားသမားများမှာ အတွေ့အကြုံနည်းသော်လည်း စိတ်ဓာတ်နှင့် ကြိုးစားမှုကြောင့် ယခုအဆင့်ကို ရောက်ရှိလာခြင်းဖြစ်ပါကြောင်း၊ အကြိုဗိုလ်လုပွဲတွင် တွေ့မည့် ရန်ကုန်တိုင်းမှာ ပြိုင်ပွဲ၏ အကောင်းဆုံး အသင်းဖြစ်၍ ခံစစ်ကို ဦးစားပေးကစားပြီး တန်ပြန်တိုက်စစ်ဖြင့် ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း" ပြောကြားသွားသည်။

ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြမည့် မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းအသင်းမှာ ခြေညီသောပွဲဟု ဆိုရမည်ဖြစ်သည်။ မန္တလေးတိုင်းအသင်းမှာ ပြိုင်ပွဲတွင် ခြေစွမ်းပြနေသော အသင်းဖြစ်ပြီး လူငယ်ကစားသမား အများစုဖြင့် ဖွဲ့စည်းယှဉ်ပြိုင်နေခြင်းဖြစ်သည်။ ပထမအဆင့်အုပ်စုတွင် တနင်္သာရီတိုင်းကို ၁၇ဂိုး-ဂိုးမရှိ၊ ကယားပြည်နယ်ကို ၁၇ဂိုး-ဂိုးမရှိ၊ စစ်ကိုင်းတိုင်းကို ၁၀ဂိုး-ဂိုးမရှိ၊ ဒုတိယအဆင့်အုပ်စုတွင် မကွေးတိုင်းကို ရှစ်ဂိုး-ဂိုးမရှိ၊ ကချင်ပြည်နယ်ကို ရှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့်တစ်ဂိုးစီသရေကျခဲ့သည်။ မန္တလေးတိုင်းနှင့် ကစားရမည့် ဧရာဝတီတိုင်းမှာ ၂၀၀၀ပြည့်နှစ်တွင် ချန်ပီယံဖြစ်ပြီးနောက်ပိုင်း ပထမဒိုင်းဆုနှင့် ဝေးကွာနေသော အသင်းဖြစ်သည်။ ယခင် လူဟောင်းကစားသမား အများစုကို ဖွဲ့စည်းထားသည့် ဧရာဝတီမှာ ဒုတိယအဆင့်အုပ်စု၌ ရန်ကုန်ကို ရှုံးနိမ့်ခဲ့သည်မှလွဲ၍ ပွဲတိုင်း အနိုင်ရထားသော အသင်းဖြစ်သည်။ ပထမအဆင့် အုပ်စုတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကို ငါးဂိုး-ဂိုးမရှိ၊ ကချင်ပြည်နယ်ကို နှစ်ဂိုး-ဂိုးမရှိ၊ ဒုတိယအဆင့် အုပ်စုတွင် ပဲခူးကို သုံးဂိုး-နှစ်ဂိုး၊ စစ်ကိုင်းကို ရှစ်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရပြီး ရန်ကုန်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။

မန္တလေးတိုင်း

မန္တလေးတိုင်းအသင်း အုပ်ချုပ်သူ ဦးစိုးကြည် (လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ)က "အကြို ဗိုလ်လုပွဲတွင် ဧရာဝတီနှင့် ကစားရ၍ ဗိုလ်လုပွဲတက်ရန် ခက်ခက်ခဲခဲ ကြိုးစားရမည်ဖြစ်ကြောင်း၊ ဧရာဝတီမှာ အသင်းလိုက် စုစည်းမှုကောင်းသလို အတွေ့အကြုံရှိသူများလည်း ပါဝင်ကြောင်း၊ မိမိတို့အသင်းမှာ စုစည်းလေ့ကျင့်ရက်အလွန်နည်းပြီး လူဟောင်း ငါးဦးသာ ပြန်ပါလာကြောင်း၊ ကစားသမား အများစုမှာ ၁၇နှစ် ဝန်းကျင်သာ ရှိပြီး အာရှ(ယူ-၁၃) ဘောလုံးပွဲတော်ကို ယှဉ်ပြိုင်ခဲ့သည့် ကစားသမား နှစ်ဦး ပါဝင်လာပါကြောင်း၊ မန္တလေးတိုင်းမှာ ပြိုင်ပွဲတစ်လျှောက် ဒုတိယခြောက်ကြိမ် ရထားပြီး ပထမ မရရှိဖူးသေးကြောင်း၊ ပထမဒိုင်းဆုကြီးကို အရယူနိုင်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

ဧရာဝတီတိုင်း

ဧရာဝတီတိုင်းနည်းပြ ဦးတင်ငြိမ်းက "မိမိတို့အသင်းအနေဖြင့် ဒိုင်းဆုရရှိရေးထက် ယခုလောလောဆယ် အကြိုဗိုလ်လုပွဲတွင် မန္တလေးတိုင်းကို အနိုင်ရအောင် အဓိကပြင်ဆင်နေပါကြောင်း၊ မန္တလေးတိုင်းမှာ လူငယ်အများစုပါဝင်ပြီး ကစားအားရှိ၍ အားကုန်ထုတ်ကစား

"အကြိုဗိုလ်လုပွဲရောက် အသင်းများတွင် မိမိအသင်း အားအနည်းဆုံးဖြစ်သော်လည်း ရလဒ်ကောင်းများရအောင် ကြိုးစားသွားမှာပါ"
ဦးရဲလွင်(အောင်ပန်း)
ရှမ်းပြည်နယ်(တောင်ပိုင်း)နည်းပြ

ရမည်ဖြစ်ကြောင်း၊ လေ့ကျင့်ရက်နှစ်ပတ်ကျော်သာ ရရှိသော်လည်း အသင်း၌ လိုချင်သည့် ပုံစံကိုရရှိလာပြီ ဖြစ်ပါကြောင်း၊ အသင်းတွင် ယခင်လူဟောင်း ၁၀ဦး ပြန်လည် ပါဝင်လာပါကြောင်း၊ ဗိုလ်လုပွဲသို့တက်ရောက်ပြီး အောင်မြင်မှု ရရှိရန်မှာ မိမိတို့အသင်း၏ အဓိကရည်မှန်းချက်ပင် ဖြစ်ပါကြောင်း"ဖြင့် မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

ပြည်နယ်နှင့် တိုင်း အမျိုးသမီး ဘောလုံးပြိုင်ပွဲကို ကျင်းပလာသည်မှာ (၁၃)ကြိမ်ရှိပြီဖြစ်ပြီး ပြီးခဲ့သည့် (၁၂) ကြိမ်တွင် ချန်ပီယံဒိုင်းဆုကို ရန်ကုန်တိုင်းကကိုးကြိမ်၊ ဧရာဝတီတိုင်း၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့က တစ်ကြိမ်စီ ရရှိထားသည်။ ချန်ပီယံဆုရရှိဖူးသည့် လေးသင်းအနက်မှ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းသာ အကြိုဗိုလ်လုပွဲသို့ ပြန်လည် တက်ရောက်လာနိုင်ပြီး ယခုပြိုင်ပွဲမှာ ချန်ပီယံအသင်းသစ် ထွက်ပေါ်လာမလား၊ ချန်ပီယံဖြစ်ဖူးသည့် အသင်းများကပင် ထပ်မံ ဗိုလ်စွဲသွားမလား ဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ဇူလိုင် ၃၀ ရက် **(ယနေ့)**နှင့် ၃၁ရက်၊ တတိယလုပွဲကို ဩဂုတ် ၂ရက်နှင့် ဗိုလ်လုပွဲကို ဩဂုတ်၃ရက်တို့တွင် အောင်ဆန်းကွင်း၌ ညနေ ၃နာရီမှ စတင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပါကြောင်း သတင်းစကား ပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

(၂၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

၂၀၀၈ခုနှစ် (၂၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံ လေလုံ အားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် အမှုဆောင်များ၊ အားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

အမျိုးသား

ပြိုင်ပွဲ၏ အမျိုးသားအသင်းလိုက် ကွာတားဖိုင်နယ်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းက ရခိုင်ပြည်နယ်ကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ကရင်ပြည်နယ်က မွန်ပြည်နယ်ကို သုံးပွဲ-နှစ်ပွဲဖြင့် လည်းကောင်း၊ ပဲခူးတိုင်းက တနင်္သာရီတိုင်းကို သုံးပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ ကချင်ပြည်နယ်က ရှမ်းပြည်နယ်(တောင်ပိုင်း)ကို သုံးပွဲ-နှစ်ပွဲဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိသွားကြပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

အမျိုးသမီး

အမျိုးသမီးအသင်းလိုက် ကွာတားဖိုင်နယ်ပွဲတွင် ရန်ကုန်တိုင်းက မကွေးတိုင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ကချင်ပြည်နယ်က ပဲခူးတိုင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းက မွန်ပြည်နယ်ကို သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းက ကရင်ပြည်နယ်ကို သုံးပွဲ-တစ်ပွဲဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။ ပြိုင်ပွဲကို ဇူလိုင်၃၀ရက် **(ယနေ့)** နံနက် ၉နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဆေးပညာ စာပေးစာယူသင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၉

မြန်မာနိုင်ငံဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေး ယူနစ်(CME)က ကြီးမှူး၍ အနယ်နယ်အရပ်ရပ်မှ အထွေထွေရောဂါကုဆရာဝန်များအတွက် "Public Health, Family Medicine and Research(2008)" စာပေးစာယူ သင်တန်းကို ဩဂုတ် ၁ရက်မှ စက်တင်ဘာ ၃၀ရက်အထိ သင်ကြားပို့ချမည် ဖြစ်သည်။ စိတ်ပါဝင်စားသော ဆရာဝန်များသည် ဩဂုတ် ၁ရက်မှ ၂၀ရက်အထိ ရုံးချိန်အတွင်း အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းရုံး ရုံးအဖွဲ့မှူး ဖုန်း-၃၇၈၈၆၃၊ ၃၈၀၈၉၉နှင့် ၃၉၄၁၄၁တို့သို့ ဆက်သွယ်စာရင်းသွင်းပြီး သင်တန်းတက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆက်ကပ်လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓ သာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် အမှတ် ၁၇ ကမ္ဘာအေးဘုရားလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့နေ ဒေါက်တာမြင့်ထိန်၊ ဒေါ်အေးအေးသိန်း၊ သား မောင်ကျော်ဇင်သိုက်၊ မောင်ကျော်စည်သူ မိသားစုက အလှူငွေကျပ် ခုနစ်သိန်းကို ပြင်သစ်နိုင်ငံ သာသနာပြုဆရာတော်ကျွန်းနံ့သာ အရှင်နန္ဒသီရိထံ ကပ္ပိယကာရကမှ တစ်ဆင့် ဆက်ကပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဇာတိဂုဏ်လမ်းမိသားစု၊ ရန်ကြီးအောင်လမ်း မိသားစုနှင့် ဒဂုံလွင်လမ်း မိသားစုတို့ စုပေါင်း၍ ဝါတွင်းဝါပ (ကြာသပတေးနေ့) နံနက်တိုင်း အရဏ်ဆွမ်းလောင်းလှူလျက်ရှိရာ ဆွမ်းပဒေသာပင်အတွက် ဇာ တိ ဂုဏ် လမ်း အမှတ် ၁၃၀၉-၁၃၁၀နေ ဦးခင်ဦး-ဒေါ်သန်းသန်း မိသားစုက အလှူငွေကျပ်နှစ်သိန်းကို ဇာတိဂုဏ်ဓမ္မာရုံ အကျိုးဆောင်အဖွဲ့ထံ လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

စီမံကိန်းလုပ်ငန်းများ သတ်မှတ်ရက်အတွင်း ပြီးစီးအောင်ဆောင်ရွက် သွင်းကုန်အစားထိုး အရည်အသွေးမြင့် ကြွေသီးများအဖြစ်ထုတ်လုပ်

နေပြည်တော် ဇူလိုင် ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဇူလိုင်၂၇ရက်က မန္တလေးတိုင်း ညောင်ဦးမြို့နယ် ရွှေစည်းခုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး စေတီတော်အား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန် ပြင်ဆင်ဆောင်ရွက်မှု အခြေအနေနှင့် စေတီတော် ဘက်စုံပြုပြင်ဆောင်ရွက်ရန် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း၊ ဇနီးဒေါ်ခင်ခင်ရီ မိသားစု အမှတ်(၁) စက်မှုဝန်ထမ်းများ၊ ညောင်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၏ ညောင်ဦးမြို့ပေါ်ရှိ ကျောင်းတိုက်ပေါင်း ၉၅ကျောင်းမှ ဝါဆိုသံဃာတော်များအား အဋ္ဌမအကြိမ် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကိုရွှေစည်းခုံစေတီတော်ပရိယတ္တိ ဝေဇယန္တာတန်ဆောင်း၌ ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ မဟာဝိသုတာရာမစာသင်တိုက် ဆရာတော်ဘဒ္ဒန္တဥက္ကံသထံမှ ဗဟိုအတွင်းရေးမှူး ဝန်ကြီးနှင့် ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်တို့ကပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးနှင့် ပရိသတ်တို့က ဘဒ္ဒန္တဥက္ကံသနှင့် သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် သင်္ကန်း၊ ဆေး၊ ယပ်လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဂုဏ်ပြုဆုပေးအပ်

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ညောင်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အနော်ရထာခန်းမ၌ ကျင်းပသော အဋ္ဌမအကြိမ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ၂၀၀၇-၂၀၀၈ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများနှင့် သင်ကြားပြသပေးသော ဆရာ ဆရာမများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ညောင်ဦးခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ညောင်ဦးခရိုင်နှင့်ညောင်ဦးမြို့နယ်နှင့် ရပ်ကွက် ကျေးရွာများမှ အသင်းအတွင်းရေးမှူးနှင့်အလုပ်အမှုဆောင်များအားတွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ဝန်ကြီးသည် မကွေးတိုင်း ချောက်မြို့နယ်ရှိ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံသို့ ရောက်ရှိကြည့်ရှုစစ်ဆေးသည်။

ကြိုးစားဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် ချောက်မြို့နယ်၌ တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြန်မာ့ကြွေထည်၊ မြေထည်လုပ်ငန်း အဆင့်မြင့်ကြွေသီး စက်ရုံ စီမံကိန်း(ချောက်သို့) ရောက်ရှိကြည့်ရှုစစ်ဆေး၍ ဝန်ကြီးက စီမံကိန်းလုပ်ငန်းများ၊ သတ်မှတ်ရက်အတွင်း အမြန်ဆုံးပြီးစီးအောင်နှင့် သွင်းကုန်အစားထိုး အရည်အသွေးမြင့် ကြွေသီးများအဖြစ် ထုတ်လုပ်နိုင်ရေး ကြိုးစား ဆောင်ရွက်ကြရန်မှာကြားသည်။

ထုတ်လုပ်ပေးသွားနိုင်

အဆိုပါစီမံကိန်းပြီးစီးပါက မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ကြွေသီး (Disc) နှစ်စဉ်လိုအပ်ချပ်230 KV၊132 KV၊ 66KV၊ 33 KV ၊ 11 KVဗို့အားခံ ကြွေသီးများ ထုတ်လုပ်ပေး သွားနိုင်မည်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ် (၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် အဆောက်အအုံဆောက်လုပ်ရန်အတွက် ရန်ကုန်-မန္တလေး(ပင်လယ်ပြာမိသားစု)မှ မိခင်ကြီး ဒေါ်ကြွေအားအမှူးထား၍ သားသမီးတစ်စုတို့က ဖခင်ကြီး ဦးလေးမောင်အားရည်စူးလျက် အလှူငွေကျပ်ငါးသိန်းကို ဒုတိယအကြိမ် ထပ်မံလှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးနိုင်အောင်နှင့် အတွင်းရေးမှူး ဦးမြင့်သန်းတို့ လက်ခံယူစဉ်။ (မြန်မာ့အလင်း)

ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့ ပူးပေါင်း စာတမ်းဖတ်ပွဲနှင့်အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတို့ ပူးပေါင်းစီစဉ်ကျင်းပသော စာတမ်းဖတ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင်၂၈ရက် နံနက် ၈ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

လှည့်လည်ကြည့်ရှု

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်က အဖွင့်အမှာစကား ပြောကြားပြီး Fly Ash ဖြင့် ပြုလုပ်ထားသည့် နမူနာအုတ်များ၊ လမ်းဘေးကပ်တုံး နမူနာအမျိုးမျိုးနှင့် သုတေသန စာတမ်းများအား လှည့်လည်ကြည့်ရှုသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ စာတမ်းဖတ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးတင်ချိုနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘဏ်ထွန်းဦးတို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး စာတမ်းရှင်များဖြစ်သည့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းရန်ကုန်မှ ဦးဝင်းအောင်ချိုက မြေငလျင်ဒဏ်ခံ အဆောက်အအုံများ ဆောက်လုပ်ခြင်း စာတမ်းအားလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဒေါ်သန္တာသောင်းစိန်နှင့် ဒေါ်သီတာလွင်တို့က ကျောက်မီးသွေးပြာနှင့် ဘိလပ်မြေတို့ ရောစပ်အသုံးပြုခြင်း၏ လေ့လာချက် စာတမ်းအားလည်းကောင်း၊ လိုင်စင်ရအင်ဂျင်နီယာအသင်း တောင်ကြီးမှ ဒေါ်ကြည်ကြည်ခင်က အင်တာနက်တွင် လေ့လာတွေ့ရှိရသော PFA ဆိုင်ရာ လေ့လာချက် စာတမ်းအားလည်းကောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတောင်ကြီးမှ ဦးရဲခေါင်က သဘာဝပတ်ဝန်းကျင်နှင့် PFA စာတမ်းအားလည်းကောင်း အသီးသီးဖတ်ကြား တင်ပြကြပြီး တက်ရောက်လာကြသူများမှ ပြန်လည်မေးမြန်း ဆွေးနွေးချက်များအား မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် စာတမ်းရှင်များက ပြန်လည်ရှင်းလင်း ပြောကြားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အသိပညာပေး ကျပန်းစကားပြောပြိုင်ပွဲနှင့် ဆုပေးပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

၂၀၀၈ခုနှစ် ဇွန် ၂၆ရက်က ကျရောက်ခဲ့သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(ဗဟို)က ကြီးမှူးကျင်းပသော မူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသိပညာပေးဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိခဲ့သော ပြိုင်ပွဲဝင်များအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၇ရက်က အထက(၃) ဗိုလ်တထောင်မြို့နယ် ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များ အသိပေးစာတမ်းများကို မြို့နယ်ရဲတပ်ဖွဲ့မှူးစိုးလွင်ဦး၊ ဒေါက်တာတင်ယဉ်စိုးနှင့် ဦးကိုကိုကြီးတို့က ဟောပြောကြသည်။ ထို့နောက် အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသူများအား မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။

(မြန်မာ့အလင်း)

စမ်းချောင်းမြို့နယ် အမက(၁၀)ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးအစီအစဉ်အရ လစဉ်အလှူရှင် မရွှေပန်းသီး Grade-I (ဘောဂီဗိုက်တာ) မိသားစုက ဇူလိုင် ၂၆ရက်တွင် တစ်ကျောင်းလုံးရှိ ကျောင်းသားကျောင်းသူလေးများအား အာဟာရဒါနအဖြစ် နို့ကြက်ဥကွေကာများ တိုက်ကျွေးကြစဉ်။ (၁၀၃)

ပြည်နယ်၊ တိုင်းစားပွဲတင်တင်းနစ်ပြိုင်ပွဲ အောင်ဆန်းအားကစားပြိုင်ဝင်း၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစားပွဲတင်တင်းနစ် အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော (၂၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများ သတ်မှတ်နေရာတွင် နေရာယူကြပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကား ပြောကြားပြီး ၂၀၀၈ခုနှစ် (၂၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

သစ္စာအဓိဋ္ဌာန်

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်တို့က ပြိုင်ပွဲဝင် အသင်းများအား လိုက်လံနှုတ်ဆက်ကြပြီး ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆိုကြသည်။

အလှူငွေပေး

ထို့နောက် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်သို့ အလှူငွေများ ပေးအပ်ရာ ဦးကျော်စိန် (မန်နေဂျင်းဒါရိုက်တာ JEWELLARY LUCK Co.,နှင့် အိုလံပစ်ဟိုတယ်)**(အပေါ်ယာပုံ)** ဦးအောင်ခိုင်မိုး(ကံကြီးမောင်ဗီဒီယိုထုတ်လုပ်ရေး)တို့က အလှူငွေကျပ် ၁၀သိန်းစီ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က လက်ခံ ယူပြီး မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဦးဆောင်နာယက ဒေါ်မူမူဝင်းနှင့် နာယက ဒေါ်စိုးဝတ်ရည်တို့က အလှူငွေကျပ်တစ်သိန်းခွဲ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်က လက်ခံယူသည်။

ကျင်းပမည်

ထို့နောက် ဖွင့်ပွဲနေ့ ပြိုင်ပွဲများကို စတင်ကျင်းပရာ အမျိုးသား၁၆ပွဲနှင့် အမျိုးသမီး ရှစ်ပွဲ စုစုပေါင်း ၂၄ပွဲ ကျင်းပပြီးစီးသည်။ ပြိုင်ပွဲတွင် အမျိုးသား ၁၆သင်း၊ အမျိုးသမီး ရှစ်သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ဩဂုတ် ၃ရက်အထိ နေ့စဉ် နံနက် ၉နာရီမှစ၍ ကျင်းပလျက်ရှိသည်။ ။ **(မြန်မာ့အလင်း)**

ပုသိမ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၉

ပုသိမ်အသင်း(ရန်ကုန်)၏ (၂၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၂၇ရက် နံနက် ၉နာရီခွဲက ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရောဝတီတိုင်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တသြဘာသာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက မေတ္တသုတ်ပရိတ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် ပုသိမ်အသင်း(ရန်ကုန်)၏ နာယကများ၊ အသင်းဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးစိုးဟန်လင်းနှင့် အမှုဆောင်များ၊ အသင်းဝင်များနှင့် အလှူရှင်များတို့က ဆရာတော် ဘဒ္ဒန္တသြဘာသာဘိဝံသအမှူးပြုသည့် သံဃာတော် ၂၈ ပါးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို ဆက်ကပ်လှူဒါန်းပြီး **(အပေါ်ပုံ)** သာဓုအနုမောဒနာတရားနာယူ၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး သာစည်မြို့နယ် ရွှေလုံကျေးရွာ ပြည်သူများအားတွေ့ဆုံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးမှာကြား

နေပြည်တော် ဇူလိုင် ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဇူလိုင် ၂၄ ရက် မွန်းလွဲပိုင်းက မိတ္ထီလာမြို့ ဘိုးဘွားရိပ်သာသို့ သွားရောက်၍ အထွေထွေအတွင်းရေးမှူးနှင့် ဇနီးတို့က ဘိုးဘွားရိပ်သာရာသက်ပန် ရန်ပုံငွေအဖြစ် ငွေကျပ် ငါးသိန်းကို ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးကော်မတီဝင်များထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူးနှင့် ဇနီးတို့သည် အဘိုး၊ အဘွားများအား သွားရောက်ကန်တော့ပြီး တစ်ဦးချင်းသို့ ငွေနှင့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်းကြသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးနှင့် ဇနီးတို့သည် မိတ္ထီလာမြို့ ရန်မျိုးအောင်ကွက်သစ်ကျောင်းတိုက်သို့ သွားရောက်ကာ ဆရာတော်ဘဒ္ဒန္တဝိသုဓအားဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ လိုအပ်သည်များကိုမှာကြားပြီး ရပ်ကွက်ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်းဆောက်လုပ်သည့် အမှတ်(၁၃၂) အခြေခံ ပညာမူလတန်းကျောင်းကိုကြည့်ရှုသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့သည် သာစည်မြို့နယ် ရွှေလုံကျေးရွာသို့သွားရောက်၍ ရွှေလုံတိုက်ကျောင်း ဆရာတော်ဘဒ္ဒန္တခေမိန္ဒအားဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကျေးရွာပြည်သူများအား တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကိစ္စများ မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထိုမှတစ်ဆင့် အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့သည် မိတ္ထီလာမြို့နယ် ကဖြူကျေးရွာသို့ သွားရောက်၍ ကဖြူကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအာစရအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ကျေးရွာပြည်သူများအား တွေ့ဆုံ၍ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

လေဘေးသင့်ပြည်သူများအတွက် သစ်သီးဝလံမျိုးစေ့နှင့် လူနေအိမ်ဆောက်လုပ်ရန် ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၉

လေဘေးသင့် ပြည်သူများအတွက် ပြည်တွင်းပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေနှင့်ပစ္စည်းများကို နေ့စဉ်လှူဒါန်းလျက်ရှိရာ ဇူလိုင်၂၇ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်စွယ်တော်မြတ်စေတီအနီး မီးသတ်ဦးစီးဌာန(ရုံးချုပ်)ရှိအလှူငွေနှင့် ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့သို့ အလှူရှင်စိန်အင်တာပရိုက်(စ်) (သွင်းကုန်/ ထုတ်ကုန်)ကုမ္ပဏီ လီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးစိန်ဦးနှင့် Known- You Seed Co., Ltd.မှ အထွေထွေမန်နေဂျာ Mr. Kuo Kun Shih တို့က အမေရိကန်ဒေါ်လာ ၄၆၆၂၄ ဒသမ ၁တန်ဖိုးရှိဟင်းသီးဟင်းရွက်သစ်သီးဝလံမျိုးစေ့များ၊ ဦးစံကြည်-ဒေါ်လှိုင်လှိုင်ဦး (နွေစန္ဒာဘော်ဒါ- ပြင်ဦးလွင်)မိသားစုက လူနေအိမ် တစ်လုံးအတွက် ငွေကျပ် ခြောက်သိန်းနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)အမျိုးသမီးစစ်မှုထမ်းဟောင်းများက လူနေအိမ်တစ်လုံးအတွက်ငွေကျပ် ခြောက်သိန်း **(အပေါ်ယာပုံ)**တို့ကို လာရောက်ပေးအပ်လှူဒါန်းကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တာဝန်ရှိသူများကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည် ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၂၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေးအသင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင်၂၇ရက် မွန်းလွဲပိုင်းက လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

အဆိုပါ မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးမောင်ပါ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်မှ တာဝန်ရှိသူများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၏ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ပြန်လည်လိုက်ပါလာ

ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်းနှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်နှင့် ပြည်နယ်နှင့်တိုင်းအသင်းများမှ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အသင်းအတွင်းရေးမှူးများနှင့်တာဝန်ရှိသူများ စုစုပေါင်း ၁၄ဦးတို့ ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

ပြည်လုံးချမ်းသာ မဟာဝိဇ္ဇာကစေတီ ပြန်လည်ပြုပြင်ရန် အလှူငွေပေးအပ်

ရန်ကုန် ဇူလိုင် ၂၉

လမ်းမတော်မြို့နယ် အနော်ရထာလမ်းနှင့် ၁၀ လမ်းထိပ်ရှိ မုန်တိုင်းသင့် ပြည်လုံးချမ်းသာမဟာဝိဇ္ဇာက စေတီတော်မြတ်ကြီး ပြန်လည်ပြုပြင်ရန် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၆ ရက်က အဆိုပါစေတီတော် တန်ဆောင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မုန်တိုင်းသင့် ပြည်လုံးချမ်းသာ မဟာဝိဇ္ဇာကစေတီတော်မြတ်ကြီး ပျက်စီးမှုများ ပြန်လည်ပြုပြင်ရန်အတွက် ယူနိုက်တက်ဂက်စ်အိုး၊ ဂက်စ်မီးဖို ရောင်းဝယ်ရေးမိသားစုက ငွေကျပ် ငါးသိန်း၊ ဦးစိုးမြင့်-ဒေါ်ရှုမေမိသားစု အမှတ်(၆၀) ၁၀လမ်းက ငွေကျပ်ငါးသိန်း၊ ကျေးဇူးရှင်ဖခင်ကြီး ဦးစိန်လှိုင်နှင့်မိခင်ကြီး ဒေါ်ခင်လှိုင်တို့အားရည်စူး၍သမားတော်ကြီး ပါမောက္ခဒေါက်တာဦးညွန့်သိန်းနှင့်မောင်နှမ တစ်စုက ငွေကျပ် သုံးသိန်း၊ ဦးမြင့်ဝင်း-ဒေါ်အေးအေးသိန်း မိသားစု အမှတ်(၃၄) လမ်းသစ်လမ်း လမ်းမတော် မြို့နယ်က ငွေကျပ်တစ်သိန်း၊ ဦးဝင်းမောင်-ဒေါ်သန်းသန်းဌေး ရွှေငါးမုန့်ဆိုင် မိသားစု အမှတ်(၁၃၆) ၁၆ လမ်းက ငွေကျပ် တစ်သိန်း၊ မခင်နှင်းဖြူ (U.S.A)၊ မောင်ဖြိုးမင်း (U.S.A)၊ မခင်စုစုအောင်၊ မောင်ဇော်မျိုးထွန်း မောင်နှမတစ်စု အမှတ်(၂၂၆) အနော်ရထာလမ်း လမ်းမတော်က ငွေကျပ် ငါးသောင်း၊ အလှူရှင်များက စုစုပေါင်း ငွေကျပ် ၁၅ သိန်းငါးသောင်း လှူဒါန်းရာ လမ်းမတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်နှင့် စေတီတော်စောင့်ရှောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ဆွေအောင်တို့က လက်ခံယူကြသည်။ **(မြန်မာ့အလင်း)**

ဘီးလင်းမြို့နယ်အသင်း (၂၈)ကြိမ်မြောက် သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေး၊ (၂၅) ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို စမ်းချောင်းမြို့နယ် ဘီးလင်းကျောင်းတိုက်ကြီးတွင် ဇူလိုင် ၂၇ ရက်က ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ မနွယ်နွယ်ထူးအား အသင်းဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးခင်စိုး(ငြိမ်း)က ဂုဏ်ပြုစလွယ်နှင့် ဆုချီးမြှင့်စဉ်။ (၁၀၃)

ပုဇွန်တောင်မြို့နယ် ပုဇွန်တောင် ဥယျာဉ်အိမ်ရာ လိပ်ကန်လမ်း အခန်း ၁၀၇၊ တိုက် ၇ နေ ဦးဝင်းအောင်-ဒေါ်တင်တင်အိ၊ သမီး မ သင်း သင်း လှိုင် မိသားစုက ဦးဝင်းအောင်၏ ၇၁နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေ တ္တာ ရိပ် မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ(ကိုယ်စား) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးသီဟဇော်က လက်ခံယူစဉ်။ (မြန်မာ့အလင်း)

2008 AFC Challenge Cup ပြိုင်ပွဲနှင့် မြန်မာအသင်းအလားအလာ ဘရာဇီးနည်းပြကလည်း တည်တည်ငြိမ်ငြိမ် မြန်မာဘောလုံးအားကစားသမားများကလည်း အကောင်းဆုံးခြေစွမ်းရနိုင်ခဲ့ပါလျှင်...

သတင်းဆောင်းပါး-စိုးမိုး (IBC)

စာမျက်နှာဖွဲ့စည်းမှု-ထိန်လင်း

ရန်ကုန် ဇူလိုင် ၂၉

ဘရာဇီးနည်းပြ မားကို့စ်ဖလော်ပါ ကိုင်တွယ်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်းသည် ယခုလ ၃၀ရက်နေ့ကနေ ဩဂုတ်လ ၁၀ရက်နေ့အထိ အိန္ဒိယနိုင်ငံတွင် ကျင်းပမည့် 2008 AFC Challenge Cup ဘောလုံးပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန် ဇူလိုင် ၂၈ရက်ကထွက်ခွာသွားခဲ့ကြပေပြီ။ ဘရာဇီးနည်းပြ စိတ်ကြိုက် ရွေးထားသော မြန်မာ့လက်ရွေးစင်အသင်းမှာ ကစားသမားတစ်ဦးချင်း၏ အတွေ့အကြုံ၊ အသက်အရွယ်ပိုင်းမှာ အကောင်းဆုံးအနေအထားဟု မဆိုနိုင်သော်လည်း ကစားသမား တစ်ဦးချင်း၏ လက်ရွေးစင်ကစားသက်နှင့် ကစားအားအနေအထားအရ ပြိုင်ဘက် တွေကို ကောင်းကောင်း ယှဉ်ပြိုင်နိုင်သော အနေအထားမျိုးရှိနေပြီဟုလည်း ယူဆပါ သည်။

ဘရာဇီး နည်းပြသည် မြန်မာ့ လက်ရွေးစင်အသင်းကို ကိုင်တွယ်လာ သောသက်တမ်း အတော်ကြာလာပြီ ဖြစ် သည့်အပြင် သူ့လက်ထက်မှာ နိုင်ငံ တကာပြိုင်ပွဲ နှစ်ပွဲခန့် ယှဉ်ပြိုင်ခဲ့ပြီး ဖြစ်၍ ၄င်းနှင့် သူ့အသင်းသားများ အကြား နားလည်မှု အတော်မြင့်မားနေပြီ ဟုလည်း ဆိုရမည်။

ယခုသူရွေးချယ်သွားခဲ့သောဆန်ခါ တင် ၂၃ဦးတွင် တစ်ကျော့ပြန် လက်ရွေး စင်အောင်ကျော်မိုး၊ ဒွေးအောင်၊ထွန်းမင်းဦး တို့ သုံးဦးမှအပ ကျန်ကစားသမားများ အားလုံးမှာ သူ ကိုင်တွယ်ဖူးသော လူဟောင်းများပင် မဟုတ်ပါလား။

AFC Challenge Cup ပြိုင်ပွဲ မှာ ပြီးခဲ့သည့် ၂၀၀၆ခုနှစ်မှ စတင်၍ ကျင်းပခဲ့သော ပြိုင်ပွဲဖြစ်ပြီး ယခုနှစ် ပြိုင်ပွဲမှာ ဒုတိယအကြိမ် ပြိုင်ပွဲဖြစ်၍ ပြိုင်ပွဲ သက်တမ်း နုနယ်ပါသေးသည်။ အာရှဘောလုံးအဖွဲ့ချုပ်က အဖွဲ့ဝင်နိုင်ငံများ အနက် ဒေသခွဲအလိုက် ဘောလုံးအဆင့် အတန်း သိပ်မမြင့်သေးသော အဆင့်မြင့် နိုင်ငံတကာပြိုင်ပွဲကြီးများတွင် ဝင်မတိုး နိုင်သေးသော ဘောလုံးနိုင်ငံများကို နိုင်ငံ တကာပြိုင်ပွဲ အတွေ့အကြုံ ပိုရစေရန်နှင့် အဆိုပါနိုင်ငံများ၏ ဘောလုံးအဆင့်အတန်း အတိုင်းအတာ တစ်ခုအထိ တိုးတက် လာစေရန်ရည်ရွယ်၍ ယခုပြိုင်ပွဲအမည် ဖြင့် ၂၀၀၆ခုနှစ်ကစကာ နိုင်ငံတကာ ပြိုင်ပွဲတစ်ရပ်အဖြစ် ကျင်းပပေးခဲ့ခြင်း ဖြစ်သည်။ ၂၀၀၆ခုနှစ် ပထမအကြိမ် ပြိုင်ပွဲ၌ စုစုပေါင်း ၁၆သင်း ပါခဲ့ပြီး လေးသင်း တစ်အုပ်စုစီခွဲကာ ကစားစေ ခဲ့သည်။ နောက်ဆုံးဗိုလ်လုပွဲတွင် တာဂျစ် ကစ္စတန်အသင်းက သီရိလင်္ကာအသင်းကို လေးဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ဗိုလ်စွဲခဲ့သည်။

ရှစ်သင်းပါဝင်

ယခုနှစ် ပြိုင်ပွဲတွင် ရှစ်သင်းသာ ယှဉ်ပြိုင်ရမည် ဖြစ်သည်။ အုပ်စု(က) တွင် အိမ်ရှင်အိန္ဒိယနှင့်အတူ လက်ရှိ ချန်ပီယံ တာဂျစ်ကစ္စတန်၊ တာ့ခ်မင်နစ္စတန်၊ အာဖဂန်နစ္စတန်တို့ ပါဝင်ပြီး အုပ်စု(ခ)တွင် မူ မြန်မာအသင်းမှာ မြောက်ကိုရီးယား၊ သီရိလင်္ကာ၊ နီပေါတို့နှင့်အတူ ကျနေသည်။ လက်ရှိ အာရှအဆင့်နှင့် ကမ္ဘာ့အဆင့် သတ်မှတ်ချက်အရ အိမ်ရှင် အိန္ဒိယမှာ အုပ်စု(က)တွင် အဆင့်အမြင့်ဆုံးဖြစ်နေပြီး သူ့နောက်မှာ တာဂျစ်ကစ္စတန်၊ တာ့ခ်မင် နစ္စတန်တို့ရှိနေကာ အာဖဂန်နစ္စတန်မှာတော့ အဆင့်အနိမ့်ဆုံး ဖြစ်နေသည်။ သို့သော်လည်း ယင်းအသင်းများမှာ ယခင်နိုင်ငံကြီး တစ် နိုင်ငံကနေ ခွဲထွက်လာသော အိမ်နီးချင်း အသင်းတွေဖြစ်ပြီး ကစားသမား တစ်ဦး ချင်း၏ ခန္ဓာကိုယ်ဖွဲ့စည်းမှုနှင့် ခြေစွမ်း အနေအထားက သိသိသာသာ ကွာခြားမှု မရှိသောကြောင့် အိမ်ရှင်အိန္ဒိယအနေနှင့် အသင်းတိုင်းကို လျှော့တွက်၍ မရနိုင်ပေ။ အထူးသဖြင့် လက်ရှိချန်ပီယံ တာဂျစ် ကစ္စတန်ကို အိန္ဒိယအနေဖြင့် ခက်ခက်ခဲခဲ ရင်ဆိုင်ရဖွယ် ရှိနိုင်သည်။

အုပ်စု(ခ)

မြန်မာအသင်းပါဝင်သည့် အုပ်စု(ခ) မှာ အုပ်စု(က)ထက်စာလျှင် အသင်းများ ၏ ကမ္ဘာ့အဆင့်နှင့် အာရှအဆင့် ရပ်တည် နိုင်မှုအရ အုပ်စုနည်းနည်း ပိုချောင်သည် ဟု ဆိုနိုင်သည်။ ယခုအုပ်စုတွင် မြောက် ကိုရီးယားမှာ ဒီနှစ်ပြိုင်ပွဲဝင် အသင်း များထဲတွင် အဆင့် သတ်မှတ်ချက်အရ အမြင့်ဆုံးဖြစ်နေ၍ မြန်မာအသင်းအတွက် အခက်အခဲဆုံးပြိုင်ဘက်ဟု ယူဆစရာရှိ သည်။ သို့သော် ပထမအကြိမ်ပြိုင်ပွဲမှာ ဗိုလ်လုပွဲ တက်ခဲ့တဲ့ သီရိလင်္ကာအသင်း မှာလည်း လက်ရှိအဆင့် သတ်မှတ်ချက် အရ မြန်မာအသင်းထက် တစ်ဆင့်မြင့်နေ၍ မြန်မာအသင်းပေါ့ဆ၍ မရနိုင်ပေ။ နီပေါ အသင်းမှာမူ လက်ရှိအဆင့် သတ်မှတ် ချက်နှင့် ခြေစွမ်းပိုင်းအရ ကြောက်စရာမရှိ ဟု ထင်စရာရှိသည်။ ပွဲစဉ်လမ်းကြောင်း အရတော့ မြန်မာအသင်းမှာ အနေအထား အကောင်းဆုံးဖြစ်နေသည်။ မြန်မာအသင်း ပါသည့် အုပ်စု(ခ)ပွဲစဉ်ကို ဒုတိယနေ့ကျမှ သာ စတင်ကစားရမှာဖြစ်ပြီး ပွဲစဉ်အရ လည်း မြောက်ကိုရီးယား-သီရိလင်္ကာ ပထမပွဲစဉ် ကစားပြီးမှ မြန်မာ-နီပေါပွဲ ကစားရမည်ဖြစ်သည်။ ဒုတိယပွဲစဉ်မှာ လည်း မြန်မာအသင်းအနေဖြင့် သီရိလင်္ကာ နှင့်တွေ့ပြီးမှ မြောက်ကိုရီးယားကို နောက် ဆုံးပွဲစဉ်ကျမှ ရင်ဆိုင်ရမည်ဖြစ်၍ မြန်မာ အသင်းဟာ နီပေါအသင်းကို ပွဲဦးထွက်၌ ဂိုးပြတ်အနိုင်ရအောင်ကစားပြီး သီရိလင်္ကာ ကို အနိမ့်ဆုံး သရေလောက်ကစားနိုင်လျှင် အကြိုဗိုလ်လုပွဲ တက်နိုင်မည်ဖြစ်သည်။

ပြိုင်ဘက်

အုပ်စုပြိုင်ဘက် သုံးသင်းကို လေ့လာ ကြည့်လျှင် မြောက်ကိုရီးယားအသင်းမှာ အတောင့်တင်းဆုံးဖြစ်ပြီး လက်ရှိကမ္ဘာ့ အဆင့် ၉၄၊ အာရှအဆင့် ၁၂ရှိနေ၍ ကျန်သုံး သင်းထက် ခေါင်းတစ်လုံးသာနေသည်။ မြောက်ကိုရီးယားအသင်းမှာ တောင်ကို ရီးယားအသင်းလောက် တောင့်တင်းမှုမရှိ သော်လည်း ကစားသမားများ၏ ခြေစွမ်း အနေအထားနှင့် ပြိုင်ပွဲ အတွေ့အကြုံအရ ယခုပြိုင်ပွဲ၌ ပုံမှန်သာ ခြေစွမ်းပြခဲ့လျှင် အနိမ့်ဆုံး ဆီမီးလောက်တက်ရန် အခက် အခဲ သိပ်မရှိနိုင်ပေ။ ကစားသမားများ၏ ပျမ်းမျှအသက်ကလည်း ၂၄နှစ်လောက် သာရှိ၍ တစ်ဦးချင်းရော၊ အသင်းလိုက် ကစားအားပါ ပြိုင်ဘက်အားလုံးထက်သာ နေနိုင်သည်။ သီရိလင်္ကာအသင်းမှာလည်း လက်ရှိကမ္ဘာ့အဆင့် ၁၆၁၊ အာရှအဆင့် ၂၉ရှိနေ၍ မြန်မာအသင်းထက် မနိမ့်သည့် သဘောရှိသည်။ ခြေစွမ်းပိုင်း အလွန်မြင့်မား သော ကစားသမားမျိုး မပါသော်လည်း သီရိလင်္ကာလိဂ်ဟာ ဆီမီးပရိုလိဂ်ပုံစံ ကျင့်သုံးခဲ့သည်မှာ ကြာပြီဖြစ်၍ ကစား သမားတစ်ဦးချင်း၏ အတွေ့အကြုံ၊ ခြေစွမ်း ပိုင်းမှာ မြန်မာအသင်းထက် မနိမ့်နိုင်သလို မွေးစားနိုင်ငံသားတချို့လည်း ပါလာနိုင်၍ လျှော့တွက်၍ မရသောပြိုင်ပွဲ ဖြစ်သည်။

ပထမအကြိမ် ပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲ အထိ တက်နိုင်ခဲ့သောကြောင့် ယခုနှစ် ပြိုင်ပွဲတွင် အောင်မြင်မှုပိုရအောင် သေချာ ပြင်ဆင်ထားနိုင်သည်။ ထို့ကြောင့် မြန်မာ အသင်းအတွက် ခက်ခဲသော ပြိုင်ဘက်ဖြစ် နေမှာ သေချာသည်။ နီပေါအသင်းကမူ ယခုအုပ်စုတွင် အဆင့်အနိမ့်ဆုံးဟု သတ် မှတ်နိုင်သည်။ သို့သော် နီပေါကစားသမား တချို့မှာ ဘောလုံးပညာမနိမ့်သလို သူတို့ အသင်းအနေဖြင့် အခြားပြိုင်ဘက်အသင်း များနှင့်စာလျှင် မည်သည့်ဖိအားမှ ရှိမနေ ခြင်းက ပြိုင်ဘက်များကို မထင်မှတ်ဘဲ အခက်တွေ့အောင်လုပ်နိုင်မည့် သဘောရှိနေ သည်ကိုမူ သတိထားရမည် ဖြစ်သည်။

ယခု ပြိုင်ပွဲအတွက် ဘရာဇီးနည်းပြ ဖလော်ပါ အဆင့်ဆင့် စစ်ထုတ်ရွေးချယ် ထားသော နောက်ဆုံးဆန်ကာတင် ကစား သမား အားလုံးနီးပါးမှာ အနိမ့်ဆုံးနိုင်ငံ တကာပြိုင်ပွဲကြီး လေး၊ ငါးပွဲတိုးထားဖူး သူများ ဖြစ်သည့်အပြင် ဖလော်ပါ တစ်နှစ် ကျော်လောက် ကိုင်တွယ်ခဲ့ဖူးသည့် လူ ဟောင်းများဖြစ်၍ အသင်းလိုက် နားလည်မှု မှာ ဟာကွက်သိပ်မရှိနိုင်လောက်ဟု ယူဆ စရာရှိသည်။ တိုက်စစ်ပိုင်းအတွက် ရွေးချယ် ထားသည့် ကစားသမားအနက် စိုးမြတ်မင်း မှာ ကြံ့ခိုင်မှု၊ ကစားအားအနည်းငယ်ကျလာ သော်လည်း သူ၏ ဂိုးသွင်းသေချာမှုနှင့် ဂိုးဆာလောင်မှုမှာ မြန်မာအသင်းအတွက် အားတစ်ခု ဖြစ်နေဆဲပင် ဖြစ်သည်။

ပြီးခဲ့သည့် ရှုံးထွက်ဗိုလ်လုပွဲတွင် အထူး ခြေစွမ်းပြခဲ့သော ရန်ပိုင်မှာလည်း စိုးမြတ် မင်းနှင့် တစ်သင်းတည်း ကစားဖော်ဖြစ်၍ အတွဲညီညီ ကစားနိုင်သူ ဖြစ်သည့်အပြင် ယခုနောက်ပိုင်းတွင် ဂိုးသွင်းခြေ ပြန်တက် လာခြင်းကြောင့် မြန်မာအသင်းအတွက် အားတက်စရာ ဖြစ်နေသည်။ စည်သူဝင်း မှာလည်း ယခုနှစ် ရှုံးထွက်ပြိုင်ပွဲတွင် ပြည်ထဲရေးအသင်းအတွက် အကောင်းဆုံး ခြေစွမ်းပြ ကစားခဲ့သူ ဖြစ်သည်။ ဂိုးသွင်း သေချာသူလည်းဖြစ်၍ ဖလော်ပါအတွက် တိုက်စစ်ကို စိတ်ကြိုက် တည်ဆောက်ခွင့် ရနေနိုင်သည်။ ကွင်းလယ်နှင့် တောင်ပံ တွင်လည်း ကစားအားကောင်းပြီး ခြေစွမ်း မနိမ့်သော အောင်မျိုးသန့်၊ အောင်ကျော်မိုး၊ စိုးသီဟအောင်၊ မျိုးမင်းထွန်း၊ထွန်းထွန်းဝင်း၊ ရာဇာဝင်းသိန်း၊ ပိုင်စိုးတို့အုပ်စု ရှိနေ၍ ဘရာဇီးနည်းပြသာ တည်တည်ငြိမ်ငြိမ်နှင့် ကစားကွက် သေချာဖော်ကစားနိုင်လျှင် ဂိုးရရန် မခက်ဟု မျှော်လင့်ရသည်။ ရန်ပိုင် တို့အုပ်စု ဂိုးရဖို့စိတ်လောကြီးပြီး အံမချော်ဖို့ တော့လိုသည်။ ခံစစ်ပိုင်းနှင့် ဂိုးသမား အနေအထားအရလည်း လက်ရှိပြည်တွင်း၌ အကောင်းဆုံးဟုယူဆရသည့် ကစားသမား များကိုရွေးထားခြင်းဖြစ်၍ဘရာဇီးနည်းပြ အနေနှင့် တစ်ပွဲချင်းအလိုက် Match Plan နှင့် Tournament Plan ကို စနစ်တကျ တွက်ချက်ချမှတ်ပြီး ပြိုင်ဘက်အနေအထား အပေါ်ကြည့်ကာ တည်တည်ငြိမ်ငြိမ် ကစား နိုင်ခဲ့လျှင် ရလဒ်ကောင်းနိုင်ဖွယ်ရှိသည်။

အလားအလာ

စင်စစ်ယခုပြိုင်ပွဲတွင် မြန်မာအသင်း ရင်ဆိုင်ရမည့် ပြိုင်ဘက်များအားလုံးမှာ ထိုင်း၊ ဗီယက်နမ်တို့လောက် ခက်ခဲသော အသင်းများမဟုတ်၍ ဘရာဇီးနည်းပြအနေ နှင့် ပွဲဦးထွက် နီပေါနှင့်ပွဲတွင် အကောင်း ဆုံး Line- up ၊ အကောင်းဆုံးနည်းဗျူ ဟာဖြင့် တည်တည်ငြိမ်ငြိမ် ကစားနိုင် ခဲ့လျှင် အကြိုဗိုလ်လုပွဲ မျှော်လင့်ချက် အလားအလာ အတော်ကောင်းနိုင်သည်။ နီပေါကို နိုင်လိုက်လျှင် သီရိလင်္ကာနှင့် ဒုတိယပွဲ၌ ဖိအားသိပ်မရှိဘဲ ကစားနိုင် ခွင့်ရနိုင်သည်။ သီရိလင်္ကာမှာ ပွဲဦးထွက် တွင် မြောက်ကိုရီးယားနှင့် ရင်ဆိုင်ထား ရ၍ မြန်မာထက် ပွဲပန်းနေနိုင်ခြင်းကလည်း အခွင့်အရေးယူတတ်လျှင် မြန်မာအသင်း အတွက် အသားစီးရစေမည့် အချက်ဖြစ်နေ ပြန်သည်။

တစ်ချက်ရှိသည်က မြန်မာအသင်း မှာ အခြားအသင်းများနှင့် ယှဉ်ကြည့်လျှင် ပြိုင်ပွဲ အကြိုကာလ၌ နိုင်ငံတကာအသင်းများနှင့် ခြေစမ်းပွဲများ ကစားနိုင်မှု မရှိခြင်းနှင့် တကယ့် နိုင်ငံတကာ ပြိုင်ပွဲကြီးများတွင် ပြိုင်ပွဲ အရှိန်အဝါကို အချို့ကစားသမား များမှာ ခံနိုင်ရည်မရှိသေးဘဲ မလုပ်သင့် သည့် အမှားမျိုးလုပ်ခဲ့မိ၍ မရှုံးသင့်သည့် ပွဲများတွင် ရလဒ်မကောင်းခြင်းမျိုးလည်း ရှိတတ်သည်ကိုမူ သတိချပ်သင့်သည်။ မြန်မာကစားသမားအများစုမှာ အနိုင် ရချင်စိတ်သာ ပြင်းထန်ပြီး တစ်ခါတစ်ရံ ပြိုင်ဘက် ကစားသမားများ၏ ဥပဒေ ဘောင်အတွင်းက နည်းပရိယာယ်ပါပါ ဆွကစားခြင်းမျိုး၊ ခေါ်ကစားခြင်းမျိုးကို သဘောမပေါက်ဘဲ စနစ်တကျ ပြန်လည် တုံ့ပြန်နိုင်မှုအပိုင်းတွင် အားနည်းချက် များရှိနေခြင်းကြောင့် ထိုအားနည်းချက် များကို ယခုပြိုင်ပွဲတွင် ထပ်မံမဖြစ်ပေါ် စေရန် ဘရာဇီးနည်းပြအနေဖြင့် သတိ ပေးထားရပေလိမ့်မည်။

မျှော်လင့်

အချုပ်ဆိုရလျှင် မြန်မာအသင်းသား များအနေဖြင့် ယခုပြိုင်ပွဲတွင်နိုင်ငံ၏ဂုဏ် နှင့် မိမိ၏ဂုဏ်သိက္ခာကို မြင့်တင်နိုင်ရန် နည်းပြ ညွှန်ကြားချမှတ်ထားသည့် နည်း စနစ် ကစားကွက်အတိုင်း တည်တည် ငြိမ်ငြိမ်နှင့် အမှားအယွင်း မရှိအောင် အစွမ်းကုန် ကြိုးစားကစားနိုင်ရန် လိုအပ် သကဲ့သို့ ဘရာဇီး နည်းပြကိုယ်တိုင် ကလည်း ပွဲတိုင်းကို ပရော်ဖက်ရှင်နယ်ပီပီ တည်ငြိမ်စွာဖြင့် မြန်မာအသင်းသားများကို ကိုင်တွယ်မောင်းနှင်နိုင်ခဲ့လျှင် မြန်မာ ပြည်သူများ မျှော်လင့်နေသည့် နိုင်ငံတကာ အောင်ပွဲတစ်ခု ရလာနိုင်ဖွယ်ရှိသည်ဟု မျှော်လင့်ရသည်။ ယခုပြိုင်ပွဲတွင် ဗိုလ်စွဲ သည့်အသင်းမှာ ၂၀၁၁အာရှဖလားပွဲသို့ တိုက်ရိုက်ဝင်ရောက်ကစားခွင့်လည်းရမည် ဖြစ်၍ မြန်မာဘောလုံးအသင်း ချန်ပီယံ ရွှေတံဆိပ်ဖြင့် ပြည်တော်ပြန်လာမည်ကို အားလုံးက မျှော်လင့်ကြမှာ သေချာလှ ပါသည်။ ။ **(မြန်မာ့အလင်း)**

ပြိုင်ပွဲနေ့စွဲနှင့် အချိန်ဇယား

၃၀-၇-၂၀၀၈	တာ့ခ်မင်နစ္စတန် - တာဂျစ်ကစ္စတန်	ဒေသစံတော်ချိန်	(၁၆း၀၀)
	အိမ်ရှင်အိန္ဒိယ - အာဖဂန်နစ္စတန်	ဒေသစံတော်ချိန်	(၁၈း၃၀)
၃၁-၇-၂၀၀၈	မြောက်ကိုရီးယား - သီရိလင်္ကာ	ဒေသစံတော်ချိန်	(၁၆း၀၀)
	မြန်မာ - နီပေါ	ဒေသစံတော်ချိန်	(၁၈း၃၀)
၁-၈-၂၀၀၈	တာဂျစ်ကစ္စတန် - အိမ်ရှင်အိန္ဒိယ	ဒေသစံတော်ချိန်	(၁၆း၀၀)
	အာဖဂန်နစ္စတန် - တာ့ခ်မင်နစ္စတန်	ဒေသစံတော်ချိန်	(၁၈း၃၀)
၂-၈-၂၀၀၈	သီရိလင်္ကာ - မြန်မာ	ဒေသစံတော်ချိန်	(၁၆း၀၀)
	နီပေါ - မြောက်ကိုရီးယား	ဒေသစံတော်ချိန်	(၁၈း၃၀)
၃-၈-၂၀၀၈	တာ့ခ်မင်နစ္စတန် - အိမ်ရှင်အိန္ဒိယ	ဒေသစံတော်ချိန်	(၁၆း၀၀)
	အာဖဂန်နစ္စတန် - တာဂျစ်ကစ္စတန်	ဒေသစံတော်ချိန်	(၁၈း၃၀)
၄-၈-၂၀၀၈	မြောက်ကိုရီးယား - မြန်မာ	ဒေသစံတော်ချိန်	(၁၆း၀၀)
	နီပေါ - သီရိလင်္ကာ	ဒေသစံတော်ချိန်	(၁၈း၃၀)
၇-၈-၂၀၀၈	အကြိုဗိုလ်လုပွဲစဉ်များ		
၁၀-၈-၂၀၀၈	နောက်ဆုံးဗိုလ်လုပွဲ		

ပြိုင်ပွဲဝင်အသင်းများ၏ ကမ္ဘာနှင့်အာရှအဆင့် သတ်မှတ်ချက်

အသင်း	ကမ္ဘာ	အာရှ
မြောက်ကိုရီးယား	၉၄	၁၂
အိန္ဒိယ	၁၅၃	၂၅
တာဂျစ်ကစ္စတန်	၁၅၄	၂၆
တာ့ခ်မင်နစ္စတန်	၁၅၈	၂၈
သီရိလင်္ကာ	၁၆၁	၂၉
မြန်မာ	၁၆၄	၃၀
နီပေါ	၁၇၇	၃၆
အာဖဂန်နစ္စတန်	၁၈၁	၃၈

goal. com. မှ မြန်မာဘောလုံးအသင်းအကြောင်းဖော်ပြ AFC Challenge Cup ၌ အနိမ့်ဆုံးအကြိုဗိုလ်လုပွဲရောက်နိုင်မည်ဟုဆို

ဆိုးလ် ဇူလိုင် ၂၉

AFC Challenge Cup ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာ့ဘောလုံး အသင်း ထွက်ခွာသွားကြပြီဖြစ်သည်။ လာမည့် ဇူလိုင်၃၀ရက်မှ စတင်ယှဉ်ပြိုင်ကစား မည့် AFC Challenge Cup ဘောလုံးပြိုင်ပွဲဝင် မြန်မာအသင်းနှင့်ပတ်သက်ပြီး goal. com. အားကစားဝက်ဘ်ဆိုက်မှ ဆောင်းပါးရှင် အမ်ဖိုင်ဂိုရှယ်၏ ရေးသား မှုကို ဖော်ပြရပါသော်-

မြန်မာဘောလုံးအသင်းသည် အာရှ၌ အင်အားကြီးဘောလုံးအသင်းတစ်သင်းဖြစ်ခဲ့ပြီး ၁၉၆၀ပြည့်နှစ်က အာရှ၌ အောင်မြင်မှုအရှိဆုံးဘောလုံးအသင်းအဖြစ် ရပ်တည်နိုင်ခဲ့သည်။ မြန်မာဘောလုံးအသင်းအနေဖြင့် ၁၉၆၆၊ ၁၉၆၇၊ ၁၉၆၈၊ ၁၉၆၉နှင့် ၁၉၇၀ပြည့်နှစ် များက အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ငါးနှစ်ဆက်တိုက် ဗိုလ်စွဲခဲ့သော အသင်း ကောင်းတစ်သင်းလည်း ဖြစ်သည်ဟု ဖော်ပြထားသည်။

ထို့အပြင် အဆိုပါအချိန်ကာလများက အာရှဖလားပြိုင်ပွဲများဖြစ်သည့် ၁၉၆၆ ခုနှစ် နှင့် ၁၉၇၀ပြည့်နှစ်များက ချန်ပီယံအဖြစ်ဗိုလ်စွဲခဲ့သော အသင်းလည်းဖြစ်သည်။ တစ်ဖန် မြန်မာဘောလုံးအသင်းသည် အာရှမှာသာမက ၁၉၇၂ခုနှစ် မြူးနစ်အိုလံပစ်ပြိုင်ပွဲအထိ တက်ရောက်ကစားနိုင်ခဲ့ပြီး အသန့်ရှင်းဆုံးဘောလုံးအသင်းဆုကိုလည်း ရရှိခဲ့သည်။ ထိုကာလများ နောက်ပိုင်း၌ မြန်မာဘောလုံးအသင်း အာရှအဆင့်၌ မှေးမှိန်လာခဲ့သည်။

သို့သော်လည်း မကြာမီနှစ်များက မြန်မာဘောလုံးအသင်းအောင်မြင်မှု လမ်းစ ပြန်လည်ရရှိခဲ့သည်။ ယင်းမှာ ၂၀၀၆ခုနှစ်က မာဒေးကားဖလားကို ရယူနိုင်ခဲ့ခြင်းနှင့် ၂၀၀၄ခုနှစ်က တိုက်ဂါးဖလားအကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ခြင်းတို့ပင် ဖြစ်သည်။

လက်ရှိ မြန်မာဘောလုံးအသင်း၏ ကမ္ဘာ့အဆင့်ကို ဖီဖာက ၁၆၄ဟု သတ်မှတ် ထားသည်။

AFC Challenge Cup ဘောလုံးပြိုင်ပွဲ၌ မြန်မာဘောလုံးအသင်းသည် အုပ်စု(ခ) ၌ မြောက်ကိုရီးယား၊ သီရိလင်္ကာ၊ နီပေါအသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ ဘောလုံးအသင်းသည် သီရိလင်္ကာနှင့် နီပေါအသင်းတို့ကို အနိုင်ကစားပြီး အကြိုဗိုလ်လုပွဲ အထိ တက်ရောက်မည့် အသင်းအဖြစ် မျှော်မှန်းနိုင်သည်။ အုပ်စု(ခ)၌ အကြိုဗိုလ်လုပွဲသို့ တက်ရောက်မည်ဟု ရေပန်းအစားဆုံးမှာ မြောက်ကိုရီးယားအသင်းပင်ဖြစ်သည်။

မြန်မာဘောလုံးအသင်းတွင် အဓိကအားထားစရာ ဘောလုံးသမားမှာ အသင်း ခေါင်းဆောင်စိုးမြတ်မင်းပင် ဖြစ်သည်။ ၄င်းသည် မြန်မာနိုင်ငံ ဘဏ္ဍာ/အခွန်အသင်း၌ ကစားနေသူဖြစ်ပြီး ၂၀၀၄ခုနှစ် တိုက်ဂါးဖလား ဘောလုံးပြိုင်ပွဲ၌ တစ်ဦးတည်း ခြောက်ဂိုး သွင်းယူနိုင်ခဲ့သူ ဖြစ်သည်။

ထို့အပြင် စိုးမြတ်မင်းသည် ၂၀၀၆ခုနှစ် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲ၌လည်း ခြေစွမ်းအပြနိုင်ဆုံး ဘောလုံးသမားတစ်ဦးအဖြစ် နာမည်ကြီးခဲ့သူလည်း ဖြစ်သည်။ ထို့ကြောင့် မြန်မာဘောလုံးအသင်းသည် စိုးမြတ်မင်းအပေါ် အားကိုးအားထားပြုနေခြင်း ဖြစ်သည်။

မြန်မာဘောလုံးအသင်းအတွက် အားထားရသည့် နောက်ထပ်ဘောလုံးသမားတစ်ဦးမှာ ရန်ပိုင်ဖြစ်သည်။ ရန်ပိုင်သည် တိုက်စစ်မှူးဖြစ်ပြီး မြန်မာနိုင်ငံ ဘဏ္ဍာ/အခွန်အသင်းမှ ဖြစ်သည်။ ရန်ပိုင်သည် ၂၀၀၂ခုနှစ် တိုက်ဂါးဖလား ဘောလုံးပြိုင်ပွဲ၌ အထူးခြေစွမ်းပြ နိုင်ခဲ့သူဖြစ်သော်လည်း ခြေထောက်ဒဏ်ရာ ရရှိခဲ့မှုကြောင့် ပြည်တွင်းပြည်ပ ပွဲစဉ် အတော်များများ၌ ပါဝင်မကစားနိုင်ခဲ့ချေ။

သို့သော် နောက်ပိုင်းတွင် ခြေထောက်ဒဏ်ရာ ပြန်လည်ကောင်းမွန်လာသဖြင့် ဘောလုံးပွဲ များ ဆက်လက်ကစားခဲ့ရာ ၂၀၀၇ခုနှစ် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲ၌ မြန်မာ အသင်းအတွက် တစ်ဦးတည်း လေးဂိုးသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ ရန်ပိုင်သည် ၂၀၀၇ခုနှစ် မာဒေးကားဖလား၌ ဂိုးအများဆုံးသွင်းသူ တိုက်စစ်မှူးတစ်ဦး ဖြစ်ခဲ့ သည်။

ထို့အတူ မြန်မာဘောလုံးအသင်း၏ ထူးချွန်ထက်မြက်သည့် လူငယ်ဘောလုံး သမား တစ်ဦးမှာ စည်သူဝင်းဖြစ်သည်။ တက်သစ်စ လူငယ်တိုက်စစ်မှူးတစ်ဦးဖြစ်ပြီး ၂၀၀၇ခုနှစ် ဆီးဂိမ်းဘောလုံးပြိုင်ပွဲ၌ သုံးဂိုးသွင်းယူနိုင်ခဲ့သူ ဖြစ်သည်။ ယခု AFC Challenge Cup ဘောလုံးပြိုင်ပွဲ၌ စောင့်ကြည့်ရမည့် ကစားသမားတစ်ဦးလည်း ဖြစ်သည်။

မြန်မာဘောလုံးအသင်း၏ လက်ရှိနည်းပြမှာ ဘရာဇီးနိုင်ငံသား မားကို့စ်အင် တိုနီရိုဖလော်ပါ ဖြစ်သည်။ ၄င်းမှာ အသက် ၅၉နှစ်အရွယ်ရှိပြီး မြန်မာဘောလုံးအသင်း ကို ၂၀၀၇ခုနှစ် မာဒေးကားဖလားနှင့် ဆီးဂိမ်းပြိုင်ပွဲများ၌ အောင်မြင်မှုရအောင် စွမ်းဆောင်ပေးထားနိုင်သူ ဖြစ်သည်။ နည်းပြဖလော်ပါမှာ ဘရာဇီးဘောလုံးနည်း ပြအဖွဲ့ချုပ်၏ နည်းစနစ်ပိုင်းဆိုင်ရာ ဒါရိုက်တာဟောင်းတစ်ဦးလည်း ဖြစ်သည်။ ယခု ဘောလုံးပြိုင်ပွဲ၌ မြန်မာဘောလုံးအသင်း အနိမ့်ဆုံး အကြိုဗိုလ်လုပွဲရောက်မည်ဟု ၄င်းက ယုံကြည်နေသည်။ ။

(ကိုးကား-အင်တာနက်)

ဘာသာပြန်သူ - မောင်မောင်မြင့်ဆွေ

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် မြို့ရေပေးရေး လုပ်ငန်းအား စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဖျားနိုဦးဆောင်သော အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှူဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးနီထွန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ချောင်းဆုံမြို့ ရွှေမြင့်မိုရ်လမ်း ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းများ တူးဖော်

ချောင်းဆုံ ဇူလိုင် ၁၅

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရွှေမြင့်မိုရ်လမ်းဘေးရေမြောင်းများ ဆယ်ယူတူးဖော်ခြင်းနှင့် ဗိုလ်ချုပ်လမ်းမပေါ် တင်ကျန်နေသည့် နုန်း၊သဲ၊မြေကြီးများ ခြစ်ထုတ်ဖယ်ရှားခြင်းတို့ကို ဇွန်၇ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်ကြည် ဦးဆောင်သော စည်ပင်ဝန်ထမ်းအဖွဲ့နှင့် မြို့နယ်စခန်းမှူး ဦးဆောင်သော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်တို့ ပူးပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ မြို့သန့်ရှင်း သပ်ရပ်လှပရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်နေရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးတင်လှနှင့် စည်ပင်အမှုဆောင်အရာရှိ ဦးသန်းဝေတို့ ကွင်းဆင်းကြီးကြပ်ပေးကြကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

ရွှေပြည်အေး ဆုတောင်းပြည့်ဘုရား ရွှေထီးတော်တင်လှူပွဲကျင်းပ

မိတ္ထီလာ ဇူလိုင် ၂၃



ရမည်းသင်းမြို့ ကသဲကွင်းမိုင်းနင်းကုမ္ပဏီ(ရွှေပြည်အေး) လီမိတက်မှ ဦးစိုင်းခွန်မိန်း၊ ဦးနန်း၊ ဦးစိုင်းသီဟတို့အား အမှူးထား၍ ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာ ဦးစိုင်းအောင်ထွန်း-ဒါယိကာမ ဒေါ်နန်းယဉ်နုတို့က ရမည်းသင်းမြို့နယ် ရွှေယင်ကျော်တောင်တော်တွင် တည်ထားကိုးကွယ်ထားသည့် ရွှေပြည်အေး ဆုတောင်းပြည့် စေတီတော်မြတ်ကြီး **(ယာပုံ)**ရွှေထီးတော်တင်လှူပွဲနှင့် ဘုရားအနေကဇာတင်၊ ဇောဓိပင်ဂြိုဟ်ပြေ နံပြေဘုရား၊ ကျောင်း၊ ဇရပ်၊ သောက်သုံး ရေစက်တို့အတွက် ငွေကျပ်သိန်း၂၀ အကုန်အကျခံ၍ ရေစက်သွန်းချ အလှူတော် မင်္ဂလာအခမ်းအနားကို ဇူလိုင် ၁၃ရက် နံနက်က ရွှေယင်ကျော်တောင်တော်ရင်ပြင်၌ ကျင်းပသည်။

ရေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီး ရွှေနက်တောင်ဆရာတော် ဦးဇောတိက အမှူးပြုသော ပင့်သံဃာတော် ၂၄ပါးတို့က ပရိတ်တရားတော်များ ရွတ်ဖွားကြပြီး ရွှေပြည်အေးဆုတောင်းပြည့်ဘုရားအား ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကျင်းပသည်။ ထီးတော်တင်အပြီးတွင် သံဃာတော်အရှင်မြတ်များက ဘုရားအနေကဇာတင်တော်မူကြသည်။

ထို့နောက် ရေစက်ချအလှူတော်မင်္ဂလာပွဲ ဆက်လက်ကျင်းပရာ ရန်အောင်မင်းကျောင်း သံဃနာယက အကျိုးတော်ဆောင် ဆရာတော် ဦးနန္ဒောဘာသထံမှ အလှူရှင်ဦးစိုင်းအောင်ထွန်း-ဒေါ်နန်းယဉ်နုနှင့် ပရိသတ်များက ရှစ်ပါးသီလခံယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ (ဝ၈၆)

ချောင်းဦးမြို့နယ်စည်ပင် ပန်းအလှပင်များစိုက်ပျိုး

ချောင်းဦး ဇူလိုင် ၁၆

ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက် ဇွန် ၂၅ရက်က ချောင်းဦး-ပခုက္ကူလမ်း မြို့ဝင်မုခ်ဦးဆိုင်းဘုတ်ဝန်းကျင်တွင် အဖွဲ့ဝန်ထမ်းများ မြေယာရှုခင်းပန်းအလှပင်များ စိုက်ပျိုးနေမှုကို အမှုဆောင် ဦးစီးအရာရှိ ဦးကျော်စိုးနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမြင့်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြဝတီမြို့နယ်စည်ပင်သာယာရေး အဖွဲ့ ပြည်ခိုင်ဖြိုးလမ်း ကတ္တရာခင်းရန် ကျောက်များ စုပုံထားရှိမှု အခြေအနေကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း ဇူလိုင် ၁၄ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးငွေစိုးတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ရှမ်းပြည်နယ် ဘောလုံးဝါသနာရှင်များနှင့် လက်ရွေးစင်ဘောလုံးသမားဟောင်းများအဖွဲ့ မိသားစုဝင် သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်

တောင်ကြီး ဇူလိုင် ၁၀

ရှမ်းပြည်နယ် ဘောလုံးဝါသနာရှင်များနှင့် လက်ရွေးစင်ဘောလုံးသမားဟောင်းများ (Old Star) အဖွဲ့၏ မိသားစုဝင် သားသမီးများ ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၂၉ရက် နံနက် ၁၀နာရီက တောင်ကြီးမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း မြစံပယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ၂၀၀၇-၂၀၀၈ အခြေခံပညာအထက်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် သားသမီးခုနစ်ဦးတို့အား ဆုတံဆိပ်၊ ဂုဏ်ပြုလွှာ၊ ငွေသားဆုနှင့် ဂုဏ်ပြုပစ္စည်းစုစုပေါင်း တစ်ဦးလျှင် ငွေကျပ် ၉၀၀၀၀စီကို ဆုအလှူရှင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပြည်နယ်ဘောလုံးဝါသနာရှင်များ၊ လက်ရွေးစင်ဟောင်းများက ပေးအပ်ချီးမြှင့်ကြသည်။ **(အောက်ပုံ)**

ပေးအပ်လှူဒါန်း

အဆိုပါ (Old Star) အဖွဲ့က ကယားပြည်နယ် လွိုင်ကော်မြို့ မီးဘေးဒုက္ခသည်များအတွက် ငွေသားနှင့် အဝတ်အထည်ကျပ်တစ်သိန်းကျော်ဖိုးနှင့် လေဘေးဒုက္ခသည်များအတွက် အလှူငွေကျပ်တစ်သိန်းတို့ကို သက်ဆိုင်ရာများသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ပြည်နယ် အား/ကာ)**

ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆိပ်ကမ်းသာပန်းခြံ သာယာလှပရေးအတွက် သန့်ရှင်းရေးနှင့် မြေယာရှုခင်းအလှပြင်ဆင်မှုကို ဇူလိုင်၂ရက်က အမှုဆောင်အရာရှိ ဦးမျိုးကြည်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

မန္တလေး ဇူလိုင် ၁၀

မန္တလေးတိုင်းအတွင်းရှိ တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ အမှုလိုက်ရှေ့နေများ စုပေါင်းပါဝင်သော မန္တလေးတိုင်း တရားဥပဒေမိသားစုများ၏ (စတုတ္ထ)အကြိမ်ဂေါက်သီး ရိုက်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကို ဇွန်၂၈ရက် နံနက် ၆နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရေတံခွန်တောင် ဂေါက်ကွင်း၌ ကျင်းပရာ မန္တလေးတိုင်း တရားသူကြီးဦးလှဝင်းနှင့် တာဝန်ရှိသူများက ဂေါက်သီးရိုက်ပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။

ဆုချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ တရားရုံးချုပ် (အထက်မြန်မာပြည်)ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ မန္တလေးတိုင်း တရားသူကြီးဦးလှဝင်း၊ တိုင်းဥပဒေအရာရှိ ဦးရဲအောင်မြင့်နှင့် တာဝန်ရှိသူများက တရားရေးမိသားစု ပထမဆု တွဲဖက်တိုင်းတရားသူကြီးဦးမြင့်သိန်း၊ ဒုတိယဆု ဦးတော်တော် (ဝမ်းတွင်း)၊ ဥပဒေမိသားစု ပထမဆု ဦးမောင်မောင်လေး၊ ဒုတိယဆု ဦးအောင်ကျော်ထွန်း၊ ရှေ့နေမိသားစု ပထမဆု ဦးကိုကိုဦး၊ ဒုတိယဆု ဦးမြင့်သူတို့အားဆုများ ချီးမြှင့်ပေးကြသည်။ (၁၃၁)

တောင်ငူမြို့နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်း

တောင်ငူ ဇူလိုင် ၁၄

တောင်ငူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စီစဉ်မှုဖြင့် ၂၀၀၈-၂၀၀၉ ပညာသင်နှစ်ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၂၆ရက် နံနက် ၁၀နာရီက တောင်ငူမြို့ ဆူးတပ်ကျေးရွာအုပ်စု ဆူးတပ်အခြေခံပညာအလယ်တန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောမော်ထွန်းက အမှာစကား ပြောကြားပြီး ချို့တဲ့နွမ်းပါး ကျောင်းသား ကျောင်းသူ ၂၀အား ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ခဲတံနှင့် ဘောပင်တို့ကို ထောက်ပံ့ ပေးအပ်သည်။

အလားတူ မြို့နယ်အတွင်းရှိ အမက၊ အမကလွန်နှင့် အလက ကျောင်းပေါင်း ၁၂ ကျောင်းမှ ချို့တဲ့နွမ်းပါးသော ကျောင်းသားကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ စုစုပေါင်းငွေကျပ် ၁၀သိန်းကျော်ဖိုး ပေးအပ်လှူဒါန်းကြောင်း သိရသည်။ (ဝ၄၈)

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့သန့်ရှင်းသာယာလှပရေး၊ မြို့ပေါ်ရေမဝပ်စေရေး၊ ရေမြောင်းများရေစီးရေလာကောင်းမွန်ရေးတို့အတွက် ဆောင်ရွက်မှုကို ဇွန် ၃၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မောင်၊ တာဝန်ခံ အင်ဂျင်နီယာဦးအောင်ကျော်ဦးနှင့် ဒုတိယဦးစီးမှူး ဦးသန့်ဇင်ဦးတို့ ကြီးကြပ်ပေးစဉ်။ (၁၅၂)

ပုလောမြို့ အမှတ်(၃)ရပ်ကွက် အမက(၃)ကျောင်းဝင်းအတွင်းအပြင် သန့်ရှင်းရေးနှင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြရာ ဇူလိုင် ၁၁ရက်က မြို့နယ်ဆရာဝန်ဦးဝင်းကြည်၊ မြို့နယ်အမှုဆောင်အရာရှိဦးဇော်နိုင်ဦးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာညွန့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (နယ်စပ်/စည်ပင်)

အိန္ဒိယနိုင်ငံမဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းဝင်းအတွင်း တိုးချဲ့မြေနှစ်ဧကဌ် ကျောင်းဆောင်နှင့် အခြားသော သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန် ရန်ကုန်တိုင်း ဗဟန်းမြို့နယ်နေ ဖခင်ကြီး ဦးစိန်ဟန်-မိခင်ကြီး ဒေါ်ခင်စောတို့အားရည်စူး၍ သမီး ဒေါ်မူမူဟန်၊ မြေး မောင်ထွန်းထွန်းဝင်းတို့က အလှူငွေကျပ် တစ်သိန်းငါးထောင်ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်(ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် ဒေါက်တာ အရှင်သုဝဏ္ဏာလင်္ကာရ(ဘုံဘော)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

မိုင်းဖြတ်မြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုး

မိုင်းဖြတ် ဇူလိုင် ၂၃

မိုင်းဖြတ်မြို့နယ်၏ မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၅ရက် နံနက် ၈နာရီက ပူးပေါင်းစစ်ဆေးရေးဂိတ်ရှေ့မှ ပါပူးကျေးရွာအထိ လမ်းဘေးဝဲယာတစ်လျှောက်တွင် ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်စိုးဝင်း တက်ရောက်ကြည့်ရှု အားပေးသည်။

စိုက်ပျိုး

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်စိုးဝင်းနှင့် တပ်မတော်အရာရှိများ **(အောက်ပုံ)**၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းတို့ဦးဆောင်၍ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသူကျောင်းသားတို့က ကျွန်း၊ မဲဇလီ၊ ခရေ၊ အော်ရေးရှား၊ စိန်တံချူနှင့် ငုစပ် စုစုပေါင်းအပင် ၁၂၀၀ ကို စိုက်ပျိုးကြသည်။

မိုင်းဖြတ်မြို့နယ်၌ ယခုနှစ်မိုးရာသီအတွင်း အပင်ပေါင်း ၁၅၀၀၀အထိ ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်တွင် ဆောက်လုပ်လျက်ရှိသော သီရိမင်္ဂလာဘုန်းတော်ကြီးပညာသင်ကြားရေး သုံးထပ်ကျောင်းဆောင်အတွက် စမ်းချောင်းမြို့နယ် မြေနီကုန်းပလာဇာနေ ဦးကျင်း-ဒေါ်ချောစုမြတ်၊ သား မောင်သီဟသူကျင်း မိသားစုက ဆဋ္ဌမအကြိမ် ငွေကျပ် ၄၅သိန်းကို ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ရှေ့မှောက်တွင် လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်က လက်ခံယူစဉ်။ (၁၇၁)

ဖျာပုံခရိုင် ထွေ/အုပ်ဦးစီးဌာန ဝန်ထမ်းသားသမီးများ ပညာသင်စရိတ်နှင့် ဝတ်စုံများပေးအပ်

ဖျာပုံ ဇူလိုင် ၁၁

ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများ ၂၀၀၈-၂၀၀၉ခုနှစ် ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် ဝတ်စုံများပေးအပ်ပွဲကို ဇူလိုင် ၉ရက် ညနေ ၅နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးချစ်က ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ပညာသင်ထောက်ပံ့

၂၀၀၈-၂၀၀၉ပညာသင်နှစ် အတွက် ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ငွေမှာ ငွေကျပ် ၂၀၃၀၀၀ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ထောက်ပံ့ငွေပေးအပ်

ဆက်လက်ပြီး တက္ကသိုလ်အဆင့် ကျောင်းသားကျောင်းသူ ငါးဦးအား တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀နှင့် ဝတ်စုံများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးချစ်ကလည်းကောင်း၊ အခြေခံအထက်တန်းအဆင့် ကျောင်းသား ကျောင်းသူငါးဦးအားတစ်ဦးလျှင်ငွေကျပ်၁၂၀၀၀နှင့် ကျောင်းဝတ်စုံများ၊ အလယ်တန်းအဆင့်ကျောင်းသားကျောင်းသူ ခြောက်ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀နှင့် ဝတ်စုံများ၊ မူလတန်းအဆင့် ကျောင်းသားတစ်ဦးအား ငွေကျပ် ၈၀၀၀ နှင့် ဝတ်စုံများကို ခရိုင်မိသားစု စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးတို့က ပေးအပ်ကြသည်။**(ယာပုံ)**

ရေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဈေးပတ်လမ်း ကျောက်ရိုးစီတံတားဆောက်လုပ်

ရေဦး ဇူလိုင် ၂၂

ရေဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော နာရီစင်အနီး ဈေးပတ်လမ်းပေါ်တွင် ကျောက်ရိုးစီကွန်ကရစ်တံတား ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဇူလိုင် ၁၀ရက်က ရေဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးနှင့် တာဝန်ခံ အင်ဂျင်နီယာဦးဝင်းမောင်ဆွေတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။

(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)

ကွမ်းလုံမြို့၌ ပန်းအလှပင်များ စုပေါင်းစိုက်ပျိုး

ကွမ်းလုံ ဇူလိုင် ၁၀

ကွမ်းလုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကွမ်းလုံမြို့ ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲယာ ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ခြင်း လုပ်ငန်းများကို ဇွန် ၁၄ရက်က အမှုဆောင်အရာရှိ ဦးစီးအရာရှိ ဦးမျိုးဇော်ထွန်းနှင့် အဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ဗလမင်းထင်တံတားအဝင် မြေယာရှုခင်းအလှပြုပြင်

ဝိုင်းမော် ဇူလိုင် ၁၄

ကချင်ပြည်နယ် ဗလမင်းထင် တံတားအဝင်မြေယာရှုခင်းအလှပြုပြင်ခြင်းနှင့် တံတားအဝင် ပန်းခုံများပြုလုပ်ခြင်း လုပ်ငန်းကို ဇူလိုင်၃ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၃) ဦးကျော်နိုင်မင်း ဦးဆောင်သောအဖွဲ့ ဝန်ထမ်းများဖြင့် ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးငွေးလွင်စိုး ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအောင်ကျော်ငြိမ်နှင့်အဖွဲ့ ဇူလိုင်၃ရက်က လှည်းကူးမြို့တွင်းလမ်းများကောင်းမွန်ရေး ဈေးကြီးရပ်ကွက် တန်းပကြီးလမ်း ကတ္တရာလမ်းပေါက်ဖာထေးမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဘသိန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်း(အနောက်ပိုင်း)ကြို့ပင်ကောက်မြို့ ကဝိမင်္ဂလာလမ်းနေ ဒေါ်ပုက အလှူငွေကျပ်ငါးသိန်း အကုန်အကျခံကာ သပြုပင်ကျေးရွာ လမ်းဆုံပိုင်းပြုပြင်ရာတွင် ကိုစန်းယု မိသားစုနှင့် သပြုပင်ကျေးရွာ၊ ဂုံညင်းတန်းကြီးကျေးရွာ၊ ဂုံညင်းတန်းလေးရွာ၊ ပန်းထိမ်ဝင်ရွာ၊ သဲကုန်းရွာများမှ ရွာသူရွာသားများ စုပေါင်းဆောင်ရွက်ကြစဉ်။

(ဝ၄ဝ)

မူးယစ်ဆေးဝါးအလွဲသုံးမှု တိုက်ဖျက်ရေးနေ့ မိုင်းရယ်၌ ကျင်းပ

မိုင်းရယ် ဇူလိုင် ၁၂

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ရက် နံနက် ၉နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့ မိုင်းရယ်ရတနာခန်းမတွင် ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်တင်က ဖတ်ကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးမျိုးထွန်းဦး၊ ရဲအုပ်တင်စိုးနှင့် မြို့နယ်ဆရာဝန် ဒေါက်တာသန်းသန်းဆွေတို့က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများကို ဟောပြောသည်။

ဆုချီးမြှင့်

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲဆုရရှိသူများအားတာဝန်ရှိသူများက ဆုများချီးမြှင့်ကြကြောင်း သိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ မိုးမောက်၌ကျင်းပ

မိုးမောက် ဇူလိုင် ၂၇

ကချင်ပြည်နယ် မိုးမောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်သစ်တော ဦးစီးဌာနနှင့် မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်း၍ မိုးရာသီစုပေါင်းသစ်ပင် စိုက်ပျိုးပွဲကို ဇူလိုင် ၂၁ရက် နံနက် ၈နာရီက မိုးမောက်မြို့ ကျခန်းဒတ်ကျေးရွာ ဗန်းမော်-မြစ်ကြီးနား ကားလမ်းဘေးတစ်လျှောက်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးမင်းစိုးနှင့် မြို့နယ်သစ်တောဦးစီးမှူး ဦးဇော်ဝင်းဦးတို့က ခြံစည်းရိုးကြက် ဆူပင်များကို ဦးစွာစိုက်ပျိုးပေးကြသည်။

စိုက်ပျိုးပေး

ဆက်လက်၍ မြို့နယ်သစ်တောဦးစီးမှူး ဦးဇော်ဝင်းဦးနှင့်ဝန်ထမ်းများက ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၅၀ကျော်တို့က ကျွန်းပင်၅၄၀နှင့်ကြက်ဆူပင် ၂၁၀၀ တို့ကို စိုက်ပျိုးပေးကြ ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပေါက်တောမြို့နယ်စည်ပင် လေပြင်းဒဏ်ခံနိုင်ရေး ကွပ်ညှပ်ပြုပြင်ရန်စည်းရုံး

ပေါက်တော ဇူလိုင် ၁၀

ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်အေးနှင့် ဝန်ထမ်းများသည် ဇွန် ၁၂ရက်က ပေါက်တောမြို့ အမှတ်(၁)ရပ်ကွက်သို့သွားရောက်ပြီး ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့နှင့် ပူးပေါင်း၍ နေအိမ်အဆောက်အအုံများ လေပြင်းမုန်တိုင်းဒဏ်ခံနိုင်ရေးအတွက် ကြိုတင်ကွပ်ညှပ်ပြုပြင်ထားကြရန် စည်းရုံးဆောင်ရွက်မှုများ ပြုလုပ်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
အထွေထွေရောဂါကုဆေးရုံကြီး နေပြည်တော်
ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

နေပြည်တော်အထွေထွေရောဂါကုဆေးရုံကြီးမှ အောက်ပါလူနေတိုက်ခန်း အဟောင်းများကို လက်ရှိမျက်မြင်အခြေအနေအတိုင်း ရောင်းချရန်ရှိပါသဖြင့် ချိပ်ပိတ်တင်ဒါ ပေးသွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၁။ အဆောက်အအုံအမျိုးအစားမှာ အုတ်နံကပ်၊သွပ်မိုး၊တစ်ထပ်နှစ်ခန်းတွဲခြောက်လုံးနှင့် ခြောက်ခန်းတွဲ နှစ်လုံးဖြစ်ပါသည်။ **အဆောက်အအုံ အဟောင်းများ အားလုံးကို တပေါင်းတစည်းတည်း (1 Lot)အနေဖြင့် ရောင်းချမည်ဖြစ်ပြီး တစ်ခုချင်းအလိုက်ခွဲ၍ ရောင်းချမည် မဟုတ်ပါ။**

၂။ တင်ဒါလက်ခံမည့်ရက်	-	၂၈-၇-၂၀၀၈ ရက် (တနင်္လာနေ့)
တင်ဒါပိတ်ရက်နှင့်အချိန်	-	၂-၈-၂၀၀၈ ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီ။
တင်ဒါဖွင့်မည့်အချိန်	-	၂-၈-၂၀၀၈ ရက် (စနေနေ့) ညနေ ၁၆း၀၀ နာရီ။
၃။ တင်ဒါပေးသွင်းရမည့်နေရာ	-	ဆေးရုံအုပ်ကြီးရုံးခန်း အထွေထွေရောဂါကုဆေးရုံကြီး နေပြည်တော်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးခန်းအထွေထွေရောဂါကု ဆေးရုံကြီး နေပြည်တော် ဖုန်း-၀၆၇-၄၂၁၆၈၃သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အတွင်းရေးမှူး
လေလံတင်ထုခွဲရောင်းချရေးအဖွဲ့
ခုတင်(၁၀၀၀)အထွေထွေရောဂါကုဆေးရုံကြီး၊ နေပြည်တော်။

ငွေချက်ထုတ်ရန် သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်း-၂၀)
ကျောက်မဲခရိုင်တရားရုံးတော်၌
၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ်-၇

ဒေါ်စော(ခ)ဒေါ်အေးစော **နှင့်** ဦးကြီးပို
တရားလို **တရားပြိုင်**

ကျောက်မဲမြို့ (၂)ရပ်ကွက် နယ်မြေ(၁၅) ရန်ကင်းရပ် အိမ်အမှတ်-၂/၇၃၇ (ယခုနေရပ်လိပ်စာမသိ) ဦးကြီးပို သိစေရမည်။

သင့်အပေါ်၌ ဒေါ်စော(ခ)ဒေါ်အေးစောက နေအိမ်ဥပစာအတွင်းမှ ဖယ်ရှား၍ အိမ်မြေလက်ရောက်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပ ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၈ခုနှစ် ဩဂုတ် ၈ရက် (၁၃၇၀ပြည့်နှစ် ဝါခေါင်လဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီ အချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၈ခုနှစ် ဇူလိုင် ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးပေးလိုက်သည်။

ဒေါ်နှင်းသီတာ
ခရိုင်တရားသူကြီး။

သက်ရှိလောကတည်မြဲဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

ဈေးပြိုင်ချိပ်ပိတ်(တင်ဒါ) ခေါ်ယူခြင်း

၁။ မုံရွာတက္ကသိုလ်တွင် ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွင်း အသုံးပြုရန် အောက်ပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

(က) စက္ကူစာရေးကိရိယာပစ္စည်း

(၁)	A4 နိုင်ငံခြား	၃၀၀ ထုပ်
(၂)	A3 နိုင်ငံခြား	၁၂၀၀ ထုပ်
(၃)	A4 စစ်တောင်း	၁၀၀ ထုပ်
(၄)	F/S စစ်တောင်း	၁၀၀ ထုပ်
(၅)	F/S နိုင်ငံခြား	၅၀ ထုပ်
(၆)	ဖယောင်းစက္ကူ	၁၀၀ ကတ်
(၇)	Master Roll	၁၀ လိပ်
(၈)	CPI-9	၅၀ ဘူး
(၉)	CPI-7	၃၀ ဘူး

(ခ) Lab Equipment ပစ္စည်း

Laboratory Equipment (Such as Glass Ware,Apparatus, Maps, Chemical etc.)	၈၀ မျိုး

(ဂ) ရုံးသုံးစက်ကိရိယာပစ္စည်း

1. Plain Paper Laser Facisimile	၁ ခု
2. Digital Multifunction Copier	၁ လုံး

(ဃ) ပရိဘောဂပစ္စည်းများ

1. Officer Table	၁၀ လုံး
2. Armless Chair	၂၀ လုံး
3. Combined Desk	၁၂၀ လုံး
4. Armed Chair	၁၀ လုံး
5. Four Seater Chair(Iron Frame)	၃ စုံ
6. Table (5' × 3')	၁၀ လုံး
7. Table (4' × 3')	၁၀ လုံး

၂။ တင်ဒါပိတ်ရက်မှာ ၁၅-၈-၂၀၀၈ရက် မွန်းလွဲ ၁း၀၀နာရီဖြစ်ပါ၍ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၃၀-၇-၂၀၀၈ရက်မှစပြီး စီမံ/ ဘဏ္ဍာဌာနသို့ ရုံးချိန် အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
မုံရွာတက္ကသိုလ်
ဖုန်း-၀၇၁-၂၁၂၆၁။

အမည်ပြောင်း

အဖ ဦးသောင်းရီ၏သား ရခိုင်ပြည်နယ် တောင်ကုတ်မြို့ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မောင်ဝင်းကိုနိုင်အား မောင်မင်း မြတ်မော်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မင်းမြတ်မော်။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပမ/၁၀၃၇၉ ကင်းလုံဒရင်း ၁၂၅ ယာဉ်လက်ဝယ်ရှိသူ ဦးတင်အောင် ၇/ဖလန(နိုင်)၀၂၁၅၀၉က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (သာယာဝတီ)။**

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီး မနှင်းအေးအောင်(ခ)လုံးလုံး ၁၂/လမန(နိုင်) ၁၁၉၄၅၅ သည် ကျွန်တော်တို့၏ မိသားစုနှင့်ဆွေမျိုးအသိုင်းအဝိုင်းအား ဂုဏ်သိက္ခာ ထိခိုက် ကျဆင်းစေသည့်အပြင် အရှက်တကွဲဖြစ်စေသည့်ကိစ္စများကိုပြုလုပ်ပြီး ၁၄-၅-၂၀၀၈ရက်တွင် နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်၍ လုံးဝမသက်ဆိုင်တော့ပါကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ကိုအေးမင်းကို ၁၂/လမန(နိုင်)၁၂၄၁၇၀။

အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၀၈-၂၀၀၉ပညာသင်နှစ်အတွက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး) ပထမနှစ်သင်တန်းသို့ တက်ရောက်ရန် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်သည်-
(က) တက္ကသိုလ်ဝင်စာမေးပွဲအား မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်ရမည်။
(ခ) ပညာသင်နှစ် စတင်သည့်ရက်၌ အသက်(၂၀)ထက် မကျော်စေရ။
(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါချို့ယွင်းမှုမရှိစေရ။
(ဃ) အနုပညာ ဝါသနာပါသူဖြစ်ရမည်။

၂။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်တွင် သင်ကြားမည့်အထူးပြုဘာသာရပ်အလိုက် အောက်ပါအတိုင်း ဘွဲ့များအပ်နှင်းမည်ဖြစ်ပြီး မိမိတို့သင်ယူလိုသည့် အထူးပြုဘာသာရပ်ကို မိမိတို့ဝါသနာပါသည့်အတိုင်း ဦးစားပေး လျှောက်ထားနိုင်သည်-

အထူးပြုဘာသာ	သင်တန်းကာလ	ဘွဲ့အမည်
(က) ဂီတအထူးပြု	(၃)နှစ်	ဝိဇ္ဇာဘွဲ့(ဂီတ)
(ခ) သဘင်အထူးပြု	(၃)နှစ်	ဝိဇ္ဇာဘွဲ့(သဘင်)
(ဂ) ပန်းချီအထူးပြု	(၃)နှစ်	ဝိဇ္ဇာဘွဲ့(ပန်းချီ)
(ဃ) ပန်းပုအထူးပြု	(၃)နှစ်	ဝိဇ္ဇာဘွဲ့(ပန်းပု)
(င) ရုပ်ရှင်နှင့်ပြဇာတ်အထူးပြု	(၃)နှစ်	ဝိဇ္ဇာဘွဲ့(ရုပ်ရှင်နှင့်ပြဇာတ်)

[ရုပ်ရှင်နှင့်ပြဇာတ်ပညာအထူးပြုတက်ရောက်လိုသူများသည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၌သာ တက်ရောက်ရမည်ဖြစ်သည်]

၃။ ပထမနှစ်နှင့် ဒုတိယနှစ်သင်တန်းများတွင် သတ်မှတ်အရည်အချင်းနှင့် ပြည့်မီခဲ့ပါက သင်တန်းကာလလေးနှစ် ဂုဏ်ထူးတန်းသင်တန်းများသို့ ဆက်လက်တက်ရောက်ခွင့်ရှိပြီး ဂုဏ်ထူးတန်းဘွဲ့များအား အပ်နှင်းသွားမည်ဖြစ်ပါသည်။

၄။ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်တက်ရောက်ရေးအတွက် တက္ကသိုလ်ဝင်စာမေးပွဲအား ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်စာစစ်ဌာနများမှ အောင်မြင်ခဲ့သူများသည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)သို့လည်းကောင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်စာစစ်ဌာနများမှ အောင်မြင်ခဲ့သူများသည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)သို့ လည်းကောင်း လျှောက်ထား တက်ရောက်ကြရမည်။

၅။ ထို့အပြင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)သို့ တက်ရောက်ခွင့်ရရှိသူများသည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနနှင့် Forever Group တို့ ပူးပေါင်းဖွင့်လှစ်လျက်ရှိသော အနုပညာကွန်ပျူတာဒီပလိုမာ သင်တန်း၌ သင်တန်းကြေး၏ (၅၀ရာခိုင်နှုန်း)ကိုသာ ပေးသွင်း၍ တက်ရောက်ခွင့် ရရှိမည်ဖြစ်သည်။

၆။ လျှောက်လွှာပုံစံများအား အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ (၁/ဈ) အောင်ဇေယျလမ်း (၂၆)ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း)၌လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ရွှေစာရံဘုရားလမ်း အုန်းချောကျေးရွာ ပုသိမ်ကြီးမြို့နယ် မန္တလေးတိုင်း၌လည်းကောင်း ဝယ်ယူ၍လျှောက်ထားနိုင်ပါသည်။

၇။ လျှောက်လွှာနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်းထောက်ခံချက်၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ ထောက်ခံချက်မူရင်း၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ ငါးပုံနှင့်အတူ ပူးတွဲလျက် ၂၀၀၈ခုနှစ် အောက်တိုဘာ ၂၀ရက် နောက်ဆုံးထား၍ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာ တက္ကသိုလ် (မန္တလေး)သို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို အဆိုပါတက္ကသိုလ်များ၌ ၂၀၀၈ခုနှစ် အောက်တိုဘာ ၂၇ရက်မှစတင်၍ စစ်ဆေးသွားမည်ဖြစ်ပါသည်။

၈။ တက္ကသိုလ်ဝင်စာမေးပွဲအမှတ်စာရင်းမူရင်းကို လူတွေ့စစ်ဆေးရန် လာရောက်သည့်အခါ တစ်ပါတည်းယူဆောင် လာရမည်ဖြစ်ပါသည်။

၉။ အသေးစိတ်အချက်အလက်များကို သိလိုပါက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ တယ်လီဖုန်း အမှတ်-၀၁-၅၉၀၂၅၂နှင့် ၅၉၀၂၅၄တို့သို့လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး) တယ်လီဖုန်း အမှတ်-၀၈၅-၄၀၁၈၄သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖော်ဦး
မော်ကွန်းထိန်းအဆင့်(၂)
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)။

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန် လမ်းခင်းကျောက်များစုဆောင်းကြိတ်ခွဲမှုကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးတင့် ဇူလိုင် ၉ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် အင်ဂျင်နီယာမှူး ဦးထွန်းထွန်း နိုင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကြေးပိဋကတ်တော်အတွက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၉

ကြေးပိဋကတ်တော် အဘိဓမ္မာ ပိဋကဝင် ပဋ္ဌာနပါဠိတော်(ဒု-တွဲ)အတွက် ဦးဆောင် ဆရာတော် ဘဒ္ဒန္တဉာဏ(အစိုးရ ဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတ)အရှင် သူမြတ်ထံ ဦးအောင်မင်းဟန် (၄၃နှစ်ပြည့် မွေးနေ့)-ဒေါ်ခင်လှမြင့်၊သမီး မမင်းသွဲ့ငြိမ်း၊ သား မောင်ဥက္ကါအောင်၊ မောင်အံ့ဘွယ်အောင် (အောင်ချမ်းသာမိသားစု)၊ ဩစတြေးလျ နိုင်ငံနေ ဦးအောင်စံမောင်-ဒေါ်ခိုင်နုဇံ၊ သားမောင်(Joshua)၊တေဇမောင် မိသားစု တို့က ကြေးပြားနှစ်ချပ်စီ၊ အစ်မကြီးဖြစ်သူ ဒေါ်စိန်တင်အားရည်စူး၍ အမှတ် ၂၁ ၁၁၁လမ်း မင်္ဂလာတောင်ညွန့် မြို့နယ်နေ ကျန်ရစ်သူ မောင်နှမတစ်စုနှင့် ဦးမျိုးဇော်-ဒေါ်စုစုမာ၊သား မောင်ဇင်မျိုးထွဋ် မိသားစု၊ နဝရတ်အိမ်ရာ အမှုထမ်းရပ်ကွက် သန်လျင်မြို့နယ် ရန်ကုန်တိုင်းနေ ဦးလှစိုး-ဒေါ်ခင်မျိုးသူ၊ သမီးနီလာစိုး၊ သားမောင်ပြည့်ဇာနည်ထွန်း၊မောင်ရဲကုဋေကျော်၊ မောင်ကောင်းကုဋေကျော်မိသားစု၊ မော်ဘီမြို့နေ ဦးစိန်တိုး အားရည်စူး၍ ဒေါ်ကျင်ဝင်းနှင့် သမီး မစမ်းစမ်းရီ မိသားစု၊ ခရေပင်ကျောင်းတိုက် ဘုတလင်မြို့ စစ်ကိုင်းတိုင်းမှ ဘဒ္ဒန္တမာဃ ဝံသ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သာသန ဓဇသိရီပဝရဓမ္မာစရိယ၊ဝိသိဋ္ဌဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ၊ နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်)၊ နှစ်ဖက်မိဘများအား ရည်စူး၍ တိုက်၂၁၂ အခန်း ၅ တပ်မတော်မှတ်တမ်းရုံး ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်တိုင်းနေအရာခံဗိုလ်ဝင်းရှိန်-ဒေါ်စမ်းဝင်း၊ သားမျိုးမင်းဇော်၊ သမီး မယုယုလွင်၊ သားကြီး ကျော်နိုင်ဦးမိသားစု၊ တိုက် ၂၁၂ အခန်း ၅ တပ်မတော်မှတ်တမ်းရုံး ဘောက်ထော် ရန်ကင်းမြို့နယ်နေ ဦးလှထွန်းစိန်-ဒေါ်ချိုချိုသန်း၊ သား မောင်ဟန်ထိုက်စိုး မိသားစု၊ အခန်း၇ အရှေ့ရန်ကင်း၊ ရန်ကင်းမြို့နယ်နေ မအေးနုဇံ(ခေတ္တ-စင်ကာပူ) အမှတ် ၇၄၁ ကန္တာ၁၀လမ်း (၅)ရပ်ကွက် မြောက်ဥက္ကလာပနေ မမြတ် သူဇာလွင်၊ တိုက်-၁၂၈/၆ ရေနံ့သာလမ်း ၂၄ရပ်ကွက် သုဝဏ္ဏမြို့ သင်္ဃန်းကျွန်းမြို့ နယ်နေ သမီးဒေါ်ခင်လှ၊ ဒေါ်ခင်ထွေးတို့က ကြေးပြား တစ်ချပ်စီ လှူဒါန်းကြသည်။

(မြန်မာ့အလင်း)

မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် မြတ်ကြီး၏ထီးတော်သစ်အတွက် အမှတ်၃၃ မေတ္တာလမ်း(၁၁)ရပ်ကွက် တောင်ဥက္ကလာပ နေ ဦးသိန်းမြင့်၊ ညီမဒေါ်တင်မြင့် (စိန်မြ သိန်းလက်ဖက်ခြောက်ဆိုင်) မိသားစုက အလှူငွေ ကျပ်ငါးသိန်းခန့်တန်ဖိုးရှိ ရွှေလက်စွပ်ခြောက်ကွင်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးစိန်ဦးနှင့် ဦးမြသိန်းတို့ကလက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ကျွေးမွေးလှူဒါန်း

အမက(၆) သာကေတကျောင်းတွင် ကျောင်းကျန်းမာရေး အာဟာရကျွေးမွေး ရေးအစီအစဉ်အရ ဇူလိုင်၂၆ရက်က Zeal Men Decoration Group မှ အလှူရှင် ဦးမောင်မောင်ဇေလင်း-ဒေါ်ခိုင် ဆုသော်၊ သမီး ချမ်းမြေ့ဇေသော်တို့က ကျောင်းသား ကျောင်းသူ ၅၀၀ တို့အား အာဟာရဒါန ကြက်သားနှင့် ကြာဆံ ကြော် ကျွေးမွေးလှူဒါန်းစဉ်။

(မြန်မာ့အလင်း)

သံတောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက် မြို့တွင်းလမ်းဘေးဝဲယာ ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ ချုံနွယ်ကိုင်းမြက်များ ရှင်းလင်း ဆောင်ရွက်မှုကို ဇူလိုင် ၁၆ရက်က ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။
* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေး စိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်
★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

နိုင်ငံခြားရေးဒုတိယဝန်ကြီး ဦးကျော်သူ ဦးဆောင်သော သံတမန်များ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာလူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုလေ့လာ

ရန်ကုန် ဇူလိုင် ၂၉

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ဦးဆောင်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာလူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌနှင့် *စာမျက်နှာ ၉ ကော်လံ ၁* ✻

မြန်မာ့အလင်း
ဆောင်းပါး အညွှန်း

နှင်းဦးခင်၏ မှားနေလျှင် ပြင်ရုံသာ ဆောင်းပါး စာ-၆ တွင် ဖတ်ရှုနိုင်ပါသည်။

နေအိမ်များ ကြည့်ရှု

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာလူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်သတင်းထောက်များ ပါဝင်သော လေ့လာရေးအဖွဲ့ဝင်များ ဒေးဒရဲမြို့နယ် တိုးရွာ၌ ဇေခင်အုပ်စုကုမ္ပဏီက ဆောက်လုပ်လှူဒါန်းသည့် လေဘေးသင့်ပြည်သူများအတွက် တည်ဆောက်ပေးထားသော နေအိမ်များကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး